# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) တွင် အမှာစကားပြောကြားစဉ်။

## ကိုဗစ်ကြောင့် ကျဆင်းသွားသည့် စီးပွားရေးကိုကုစားနိုင်ရန် ငွေကျပ်ဘီလီယံ ၄၀၀ မတည်၍ ဆောင်ရွက်လျက်ရှိ

## ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လို

နေပြည်တော် ဇူလိုင် ၂၉

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

### နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံရေးနှင့်ပတ်သက်ပြီး မိမိတို့တာဝန်စတင်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင် နိုင်ငံရေးအရ ရည်မှန်းချက်ပန်းတိုင်သည် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း။


*စာမျက်နှာ ၃ ကော်လံ ၁* ■


**ယနေ့ ဖတ်စရာ**

**သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲပါ**


ဆောင်းပါး | စာ - ၆


**အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်**


ပြည်တွင်းသတင်း | စာ - ၇


**နိုင်ငံရေးကို ညစ်ထေးစေသူများ**


ဆောင်းပါး | စာ - ၁၀


**သစ်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ မန်ကျည်းများကို စိုက်ကြစို့**




ဆောင်းပါး | စာ - ၂၀

# နိုင်ငံရေးယဉ်ကျေးမှုမြင့်မားရေး

ငြိမ်းချမ်းရေးသို့ သွားရာလမ်းသည် နိုင်ငံရေးယဉ်ကျေးမှုဖြစ်သည်။ ငြိမ်းချမ်းရေးတည်ရှိမှသာလျှင် နိုင်ငံရေးယဉ်ကျေးမှုသည်လည်းရှင်သန်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးယဉ်ကျေးမှုသည် ခွဲခွာ၍မရအောင် ဆက်စပ်နေသည်။ နိုင်ငံရေးယဉ်ကျေးမှုဆိုသည်မှာ အခြားမဟုတ်။ လူသားအချင်းချင်း၊ ပြည်သူအချင်းချင်း၊ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်လေးစားကာ ကူညီပူးပေါင်းကြခြင်းဖြင့် စည်ပင်ဝပြောသော၊ ငြိမ်းချမ်းသော ကမ္ဘာသစ်ကို တည်ဆောက်ကြရန် ဖြစ်သည်ဟူ၍ ငြိမ်းချမ်းရေးစာဆို ဆရာကြီးဒဂုန်တာရာက နိုင်ငံရေးယဉ်ကျေးမှုနှင့် မျိုးဆက်သစ်အမည်ရှိဆောင်းပါးတွင် ရေးသားဖော်ပြခဲ့သည်။

မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေသည် အကြမ်းဖက်ဝါဒ၏ ခြိမ်းခြောက်မှုများကို ပြည်သူများက စိုးရိမ်ထိတ်လန့်နေရသည့် အခြေအနေဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးမျှော်မှန်းချက်ဖြင့် အခြေခံလိုအပ်ချက်ဖြစ်သော တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များသည် သီးခြားပေါ်ထွက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်မှုများရှိခဲ့သည်။ ရွေးကောက်ပွဲမဲမသမာမှုလုပ်ရပ်များမှသည် နိုင်ငံရေးအယူအဆ၊ သဘောထားအမြင်ကွဲလွဲမှုများကို လက်မခံမှုများ၊ ရန်သူအဖြစ် သတ်မှတ်ကာ အကြမ်းဖက်တိုက်ခိုက်မှု၊ လုပ်ကြံသတ်ဖြတ်မှုများနှင့် ယင်းလုပ်ရပ်များကို မျက်စိမှိတ်ထောက်ခံနေမှုများက နိုင်ငံရေးယဉ်ကျေးမှုရေချိန် လွန်စွာနိမ့်ပါးနေမှုကို ပြသလျက်ရှိသည်။ နိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးတို့အတွက် တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အလေးထားမှု၊ လေးစားမှု၊ တူရာတူရာတို့တွင် ပူးပေါင်းဆောင်ရွက်မှုတို့အစား မာန်မာနများနှင့် ငါတကောကောမှုတို့က နိုင်ငံနှင့် ပြည်သူလူထုအတွက် အနုတ်လက္ခဏာသဘောကိုသာ ဆောင်စေသည်။

နိုင်ငံတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်ပြီး ငြိမ်းချမ်းရေး၏ အခြေခံမှာ နိုင်ငံရေးယဉ်ကျေးမှုဖြစ်သည်။ နိုင်ငံရေးယဉ်ကျေးမှုရေချိန်ကို မြှင့်တင်နိုင်ပါမှ ငြိမ်းချမ်းရေးကို မျှော်မှန်းနိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝန်း ငြိမ်းချမ်းမှသာလျှင် စည်ပင်ဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ငယ်စဉ်က သင်ကြားခဲ့ရသည့် ခြင်္သေ့နှင့် တောဝက်ပုံပြင်ကဲ့သို့ပင် နိုင်ငံအတွင်း စိတ်ဝမ်းကွဲပြားကာ တိုက်ခိုက်နေကြခြင်းဖြင့် ပျက်စီးဆုံးရှုံးသူမှာ မိမိတို့သာဖြစ်ပြီး တစ်ပါးသူတို့က အမြတ်ထုတ်သွားမည်သာဖြစ်သည်ကို ရှုမြင်နိုင်ကြရန် လိုအပ်သည်။

နိုင်ငံနှင့်ပြည်သူအကျိုးအတွက် နိုင်ငံရေးနယ်ပယ်မှ ဆောင်ရွက်ကြရာတွင် မိမိအကျိုးနှင့် အဖွဲ့အစည်းအကျိုးတို့ ယှဉ်လာပါက အဖွဲ့အစည်း၏အကျိုးကို ဦးစားပေးကာ၊ အဖွဲ့အစည်း၏ အကျိုးနှင့် နိုင်ငံ့အကျိုးတို့ ယှဉ်လာပါက နိုင်ငံ့အကျိုးကို ဦးစားပေးကြရမြဲဖြစ်သည်။ နိုင်ငံရေးနယ်ပယ်တွင်လည်း နိုင်ငံရေးယဉ်ကျေးမှုကို မြင့်မားအောင်တည်ဆောက်ကာ လက်ခံကျင့်သုံးနိုင်ကြပါမှ နိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ သာယာဝပြောရေးကို မျှော်မှန်းနိုင်ကြမည်ဖြစ်ပါကြောင်း။ ။



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာခင်သီတာအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာဝင်းမြင့်<br>အင်ဂျင်နီယာချုပ်<br>လျှပ်စစ်ဓာတ်အား<br>ထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အား<br>ထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၇-၇-၂၀၂၂ နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၃-၅-၂၀၂၂ နေ့မှ ၁၅-၇-၂၀၂၂ နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ အထွေထွေ ၁၈ ဦး ပေါင်း ၂၀ ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၈၀ နှင့် သတင်းအေဂျင်စီ လုပ်ငန်း ၃၉၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၇၃ ဦး အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ဗဟိုအမှုဆောင်ကော်မတီ (၃/၂၀၂၂)အစည်းအဝေးကျင်းပ



**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ (၃/၂၀၂၂) အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိအသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့်ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးစိုးမြင့် (စိုးမှူး)နှင့် ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အရင်းမပျောက် မတည်ငွေအဖြစ် လှူဒါန်းခဲ့သော အလှူငွေများနှင့်ပတ်သတ်၍ အသင်းက စနစ်တကျစီစဉ်ထားရှိပြီး အသင်းဝင်များ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ တတိယအကြိမ်ညီလာခံကချမှတ်ထားသောဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းကော်မတီအသီးသီးနှင့် လုပ်ငန်းတာဝန်များ ခွဲဝေခြင်း၊ အသင်းဝင်များ၏ နာရေးနှင့် နာမကျန်းထောက်ပံ့ကြေးပေးအပ်ရေး၊ နဝမအကြိမ်အသင်းဝင်များ၏သားသမီးများ ပညာရည်ချွန်ဆုချီး မြှင့်ရေး၊ ၁၃၈၄ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ ကျင်းပရေးတို့ကို ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။(အပေါ်ပုံ)

**သတင်းစဉ်**

# ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယမန်နေ့က ဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။ **(အောက်ဝဲပုံ)**



အခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ရတနာတန်းဝင် ကျွန်းပင် ၂၀၀၊ သစ်ပိတောက်ပင် ၃၀၊ ယင်းမာပင် ၇၀ စုစုပေါင်း ပျိုးပင် ၃၀၀ စိုက်ပျိုးခဲ့သည်။ ဒီဂရီကောလိပ်(စစ်ကိုင်း)၌ ယခုမိုးရာသီကာလအတွင်း ပျိုးပင် စုစုပေါင်း ၁၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သွျားထက်**

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံရေးဆောင်ရွက်ရန်မဟုတ် နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးလမ်းကြောင်းပေါ်မှ ဆောင်ရွက်ရန်လို

- ❖ **ဒီမိုကရေစီဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အများ၏သဘောတူညီမှုဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်၊ ယင်းသည် "ဒီမိုကရေစီယဉ်ကျေးမှု" ဟု ဆိုနိုင်၊ အဆိုပါ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုများ ပျက်စီးသွားပါက နိုင်ငံ၏တည်ငြိမ်မှုပျက်ပြားသွားမည်ဖြစ်၊ ထို့ကြောင့် ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည် ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရ**
- ❖ **ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့် ဒေသများရှိ တိုင်းရင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်လိုသည်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်ဖြစ်၊ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့**

■ *ရွှေဖုံးမှ*

ဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲပိုင်ခွင့်များရှိကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် နိုင်ငံရေးအယူအဆ ကွဲပြားစွာဖြင့် ဆောင်ရွက်နေသည့် ပါတီများ၊ တစ်ပါတီတည်းဖြစ်သော်လည်း သဘောထားကွဲလွဲမှုရှိသည့် အုပ်စုများရှိနေသည်ကို သဘာဝကျကျ တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်၌ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး ဖဆပလပါတီတစ်ခုတည်းကသာ နိုင်ငံကိုဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားပါတီများသည် ပါတီငယ်များသာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဖဆပလအတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်၍ အုပ်စုများကွဲခဲ့သည်ကို တွေ့ရကြောင်း၊ လူပုဂ္ဂိုလ်သို့မဟုတ် အုပ်စု၏ အာဏာတည်ဆောက်မှုများ၊ နိုင်ငံရေးမရင့်ကျက်မှုများကြောင့် ပါတီအတွင်း နိုင်ငံရေးအရ ထွက်ပေါက်ရှာကြရာမှ အုပ်စုများကွဲခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထူထောင်၍ တစ်ပါတီစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်းက တစ်ပါတီစနစ်ဖြင့် ပါတီအတွင်း တူညီသည့်ဆိုရှယ်လစ်အယူအဆဖြင့်သွားနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်ချိန်တွင်လည်း ဆိုရှယ်လစ်အယူအဆ များအပေါ်တူညီမှုမရှိခဲ့ကြောင်း၊ အခြားပါတီများ ဖွဲ့စည်းခွင့်မရှိဘဲ ပါတီတစ်ခုတည်းသာရှိသောကြောင့် နိုင်ငံရေးထွက်ပေါက်များ မရှိခဲ့ကြောင်း၊ ထို့ကြောင့် ပါတီအတွင်း အုပ်စုကွဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူခဲ့ရပြီး ပါတီနိုင်ငံရေးမဟုတ်သော်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများဖွဲ့စည်းခွင့်ပေး၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်ကို တင်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီ ပထမအစိုးရတက်လာခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သဖြင့် နိုင်ငံရေးထွက်ပေါက်များ ရရှိခဲ့ကြောင်း၊ နိုင်ငံရေးထွက်ပေါက်များမှတစ်ဆင့် ဖြစ်ပေါ်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ရာ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြောင်း၊ တည်ဆဲဥပဒေကို မချိုးဖောက်သရွေ့ ကန့်သတ်ချုပ်ချယ်မှုများမရှိခဲ့ဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်ကြောင့် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ထွက်ပေါက်များ ပေးထားကြောင်း၊ နိုင်ငံမငြိမ်သက်မှုများ ဖြစ်ပေါ်အောင်ဆောင်ရွက်မှုများမှလွဲ၍ ပါတီညီလာခံများ၊ အစည်းအဝေးများနှင့် ပါတီအချင်းချင်းတွေ့ဆုံပွဲများကို ခွင့်ပြုပေးထားကြောင်း၊ ဒီမိုကရေစီဆန်သည့် နိုင်ငံရေးထွက်ပေါက်များ ခွင့်ပြုပေးထားကြောင်း။

ဒီမိုကရေစီဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အများ၏ သဘောတူညီမှုဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းသည် "ဒီမိုကရေစီယဉ်ကျေးမှု" ဟု ဆိုနိုင်ကြောင်း၊ အဆိုပါ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုများ ပျက်စီးသွားပါက နိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည် ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာအပြင် ခံစားခွင့်များ တိုးမြှင့်ပေးထားပြီး ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံရေးဆောင်ရွက်ရန် မဟုတ်ကြောင်း၊ နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးလမ်းကြောင်းပေါ်မှ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ နိုင်ငံသားတစ်ဦးအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ သို့သော် တည်ဆဲဥပဒေဖြင့် တားမြစ်ထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ မရကြောင်း။

## နိုင်ငံတကာဆက်ဆံရေး

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်း၌ မိမိတို့ကိုဘေးဖယ်ရန် ကြိုးပမ်းခဲ့မှုများရှိကြောင်း၊ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်တွင် အချို့နိုင်ငံကြီးများက ၎င်းတို့အလိုကျ ဆောင်ရွက်နိုင်မည့်သူများကို မြန်မာ့နိုင်ငံရေး၏ အရေးပါသည့် နေရာများတွင် ပါဝင်နိုင်ရေး အချိန်ယူစိမ့်ဝင်၍ ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့လိုလားသည့်သူများ နိုင်ငံရေးစင်မြင့်ပေါ်တွင် တည်မြဲစေရေး ငွေအား၊ လူအားနှင့် အကြံပေးများဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကူအညီများပေးရာတွင်လည်း အရောင်အသွေးများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်ကို ယခုအချိန်တွင် သိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးစင်မြင့်ပေါ်တွင် ၎င်းတို့လိုလားသည့်သူများ မရှိတော့သည့်အချိန်တွင် ကူညီမှုများ အကြောင်းအမျိုးမျိုးပြ၍ ရပ်တန့်သွားခဲ့ကြောင်း၊ အခြေခံဥပဒေသည် ပြည်သူများ အသိအမှတ်ပြုထားသည့် ဥပဒေဖြစ်ပြီး မဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မျက်ကွယ်ပြု၍ မိမိတို့အပေါ်တွင် ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရကြောင်း၊ အလားတူ နိုင်ငံတကာဆက်ဆံရေးများတွင်လည်း မိမိတို့နိုင်ငံ၏ ပကတိအရှိတရားကို မျက်ကွယ်ပြု၍ ဆောင်ရွက်လျက်ရှိကြောင်း။

## ငြိမ်းချမ်းရေးရရှိရန်လိုအပ်မှု

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့် ဒေသများရှိ တိုင်းရင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်လိုသည်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေး ရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ် ပေါင်းထားသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များကို လက်ခံပြီးဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆွေးနွေးနိုင်ပြီဖြစ်ကြောင်း၊ အမျိုးသားရေး ရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးပင် ဖြစ်သည်ကို ပြောကြားခဲ့ကြောင်း၊ မိမိတို့၏နိုင်ငံရေး ဦးတည်ချက်တွင် နိုင်ငံရေးထွက်ပေါက်များ ပေးထားပြီး အဆိုပါနိုင်ငံရေးထွက်ပေါက်များကိုအသုံးချ၍ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲများကို လေ့လာကြည့်ပါက ရွေးကောက်ပွဲများကို မြို့နယ်များအားလုံးတွင် အပြည့်အဝမပြုလုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးရလဒ်များကို တိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေသည့် အခြေခံအချက်များ အခြေခိုင်မာစေရေး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့ တာဝန်ယူပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ထပ်တိုး ၆ လမှစ၍ နိုင်ငံ၏ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုများကို ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် အချို့သောဒေသများမှလွဲ၍ ကျန်ဒေသများတွင် ၂၀၂၁ ခုနှစ်ထက် များစွာတိုးတက် ပြောင်းလဲသွားကြောင်း၊ တည်ငြိမ်အေးချမ်းမှုများလည်း ရရှိလာပြီဖြစ်ကြောင်း၊ အချင်းချင်းယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်နိုင်မှသာ ခိုင်မာသည့် အခြေခံကောင်းများကို ရရှိမည်ဖြစ်ကြောင်း။

## စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု

မိမိတို့အနေဖြင့် ကြေညာထားသည့် ဦးတည်ချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါဦးတည်ချက်များကို အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၈ ခုနှစ်ကတည်းက စီးပွားရေးကျဆင်းခဲ့ခြင်းကို စာရင်းဇယားအချက်အလက်များကို ကြည့်ခြင်းဖြင့် သိရှိနိုင်ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခဲ့ကြောင်း၊ သွင်းကုန်သာ ဦးစားပေးခဲ့ကြောင်း၊ နိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာစေရေး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာ ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးကို အဓိကအားပေးရန်လိုကြောင်း၊ ပြီးခဲ့သည့် အစိုးရလက်ထက်များဖြစ်သည့် လမ်းစဉ်ပါတီခေတ်တွင် ပြည်တွင်းစီးပွားရေးအားပေးခဲ့ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ငွေကြေးအခက်အခဲများကြောင့် Import first ဖြင့် ဆောင်ရွက်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ခဲ့ကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းအောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကိုဗစ်ကြောင့် ကျဆင်းသွားသည့် စီးပွားရေးကို ကုစားနိုင်ရန် ငွေကျပ်ဘီလီယံ ၄၀ဂ မတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် Quick Win ဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လုပ်ငန်းသည် အများနှင့် သက်ဆိုင်သည့် လုပ်ငန်းဖြစ်သဖြင့် ပြည်သူအများစုအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်လာမည်ဆိုပါက ကုန်ထုတ်လုပ်မှုအပေါ် အခြေခံသည့် စီးပွားရေးကို ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ပို့ကုန်သွင်းကုန်ကဏ္ဍနှင့်ပတ်သက်၍**

ပို့ကုန်သွင်းကုန်နှင့် ပတ်သက်၍ ပြန်လည်စိစစ်ကြည့်ရာ နယ်စပ်စခန်းများမှ တင်ပို့မှုတွင် အစိုးရနှင့် ပုဂ္ဂလိကအနေဖြင့် ၈ ဘီလီယံကျော်ခန့်ရှိပြီး အစိုးရမှ တင်ပို့မှုက ပုဂ္ဂလိကတင်ပို့မှုထက် များနေကြောင်း၊

**"ပို့ကုန်သွင်းကုန်နှင့် ပတ်သက်၍ ပြန်လည်စိစစ်ကြည့်ရာ နယ်စပ်စခန်းများမှ တင်ပို့မှုတွင် အစိုးရနှင့် ပုဂ္ဂလိကအနေဖြင့် ၈ ဘီလီယံကျော်ခန့်ရှိပြီး အစိုးရမှ တင်ပို့မှုက ပုဂ္ဂလိကတင်ပို့မှုထက်များနေ၊ ထို့ကြောင့် မိမိတို့အနေဖြင့် SME လုပ်ငန်းများကို အားပေးရန်အတွက် လိုအပ်နေသေးသည်ကို တွေ့ရှိ၊ ပို့ကုန်တစ်ခုတည်းဖြင့် ရပ်တည်၍မရဘဲ Non Trade များဖြင့်လည်း ဆောင်ရွက်ရမည်"**

ထို့ကြောင့် မိမိတို့အနေဖြင့် SME လုပ်ငန်းများကို အားပေးရန်အတွက် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း၊ ပို့ကုန်တစ်ခုတည်းဖြင့် ရပ်တည်၍မရဘဲ Non Trade များဖြင့်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားငွေသုံးစွဲမှုများရှိသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများလည်း ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိရေးအတွက် ကုန်သွယ်မှုတစ်ခုတည်းတွင် မှီခိုနေ၍မရကြောင်း၊ မိမိတို့နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားငွေများရရှိရေး ဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**ပညာရေးတိုးတက်ရန်လိုအပ်မှု**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ပြောကြားရာတွင် "ပညာရေးနဲ့ပတ်သက်ပြီး။ ပြီးခဲ့တဲ့ ဇွန် ၂ ရက်နေ့ကစပြီးတော့ ကျွန်တော်တို့ ပညာရေးကျောင်းတွေ အကုန်လုံးဖွင့်လိုက်တယ်။ တက္ကသိုလ်တွေလည်း ပုံမှန်သင်တန်းတွေ အကုန်လုံးဖွင့်ပါတယ်။ အဲ့ဒီတော့ အခြေခံကတော့ ဦးစားပေးပေ့ါလေ။ အခြေခံပညာမှာ ၉ ဒသမ ၅ သန်းလောက် ကျွန်တော်တို့က ကျောင်းသား တက်မယ်လို့ မှန်းပါတယ်။ ဒါကတော့ Round Figure ပေ့ါ၊ Figure တစ်ခုအနေနဲ့ ကျွန်တော်တို့က မှန်းလိုက်တာပေ့ါ။ ၂၀၁၉ – ၂၀၂၀ ပညာသင်နှစ်မှာရှိတဲ့ ကျောင်းသားအရေအတွက်နဲ့ လူဦးရေ တိုးတက်မှုနှုန်းနဲ့ ပြန်ပြီးတော့ ချိန်ကြည့်တဲ့အခါမှာ။ ၂၀၂၂–၂၀၂၃ မှာတော့ ၉ သန်းခွဲလောက်တော့ ရှိနိုင်တယ်လို့ ကျွန်တော်တို့ကတွက်ပါတယ်။ ဒီထက်နည်းနည်း ပိုရင်လည်း ပိုမှာပေ့ါ။ လျော့ရင်လည်း လျော့မှာပေ့ါ။ သို့သော်လည်း Round Figure ကတော့ ၉ ဒသမ ၅ သန်းလောက်ရှိတယ်။ နောက်ဆုံးအချိန်မှာ ၇ ဒသမ ၂ သန်းကျော် ကျောင်းတက်ပါတယ်။ အားလုံး အေးအေးချမ်းချမ်းနဲ့ တက်နေကြတာပါ။ ဒီမှာ နှောင့်ယှက်တဲ့သူကတော့ တစ်နေရာစ၊ နှစ်နေရာစ တော့ရှိပါတယ်။ သို့သော်လည်းပဲ ပုံမှန်အတိုင်း ကျွန်တော်တို့ ပညာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေပါတယ်။ အဲ့ဒီတော့ နိုင်ငံတစ်ခုမှာလည်း ပညာရေးမြှင့်တင်မှုက အရေးပါတဲ့ အနေအထားရှိပါတယ်။ ပညာရေးမမြှင့်တင်ရင် တိုင်းပြည်ဘယ်လိုလုပ်မှုကို တိုးတက်မှုမရှိနိုင်ဘူး။ ကျွန်တော်တို့ ဆန်းစစ်ချက်တွေအရ ပညာရေးဟာ နိမ့်ပါးပါတယ်။ တော်တော်ကို စိတ်မကောင်းစရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ဝက်လောက်က၊ တစ်ဝက်ကျော်ကျော်လောက်က အခြေခံပညာအလယ်တန်းနဲ့ အောက်မှာပဲရှိတယ်။ အဲ့ဒီတော့ ဒီပညာရေးမြှင့်တင်မှု မလုပ်နိုင်ခဲ့လို့ရှိရင် ပညာရေးကို အခြေခံပြီး အတတ်ပညာကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ၊ ဘယ်လိုမှ ခေတ်မီစရာအကြောင်းမရှိဘူး။ အစွရေးတို့ ဘာတို့၊ စိုက်ပျိုးရေးတို့၊ မွေးမြူရေးတို့၊ နည်းပညာတို့ ကောင်းတယ်ဆိုတာ ပညာတတ်တွေ ပေါတယ်။ စီးပွားရေးကောင်းတယ်။ ဝင်ငွေရှိတယ်။ ဝင်ငွေရှိတဲ့အခါကျတော့ ပြည့်ပြည့်ဝဝ စားနိုင်တယ်။ ပြည့်ပြည့်ဝဝ စားနိုင်တော့ ကိုယ်ခံစွမ်းအားတွေ ကောင်းတာပေ့ါ။ ပြီးတော့ အဲ့ဒီအပေါ်မှာ အခြေခံပြီးတော့။

**■ နိုင်ငံတစ်ခုမှာလည်း ပညာရေးမြှင့်တင်မှုက အရေးပါတဲ့ အနေအထားရှိပါတယ်။ ပညာရေးမမြှင့်တင်ရင် တိုင်းပြည်ဘယ်လိုလုပ်မှုကို တိုးတက်မှုမရှိနိုင်ဘူး။ ကျွန်တော်တို့ ဆန်းစစ်ချက်တွေအရ ပညာရေးဟာ နိမ့်ပါးပါတယ်။ တော်တော်ကို စိတ်မကောင်းစရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ဝက်လောက်က၊ တစ်ဝက်ကျော်ကျော်လောက်က အခြေခံပညာအလယ်တန်းနဲ့ အောက်မှာပဲရှိတယ်။ အဲ့ဒီတော့ ဒီပညာရေးမြှင့်တင်မှု မလုပ်နိုင်ခဲ့လို့ရှိရင် ပညာရေးကို အခြေခံပြီး အတတ်ပညာကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ၊ ဘယ်လိုမှ ခေတ်မီစရာအကြောင်းမရှိဘူး**

ကျန်းမာရေးနဲ့ ပတ်သက်တာတို့၊ အားကစားနဲ့ ပတ်သက်တာတို့ စနစ်တကျနဲ့ လုပ်တဲ့အခါကျတော့ သူတို့ရဲ့ IQ ပေ့ါဗျာ။ ဉာဏ်ရည်တွေက ကျွန်တော်တို့ သာမန်ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုထက်တော့ သာတာကို သွားတွေ့ရတယ်။ ဒါ ရိုးရိုးသားသားပြောတာ၊ ဒီတိုင်းဝန်ခံတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အပြည့်အဝစားနိုင်ဖို့၊ အပြည့်အဝသုံးနိုင်ဖို့ ကိုယ်ခံစွမ်းအားတွေ ကောင်းလာလို့ရှိရင် ဉာဏ်ရည်က ထက်လာလိမ့်မယ်။ ဉာဏ်ရည်ထက်လာလို့ရှိရင် ပညာသင်ကြားရေးမှာလည်း ပိုပြီးတော့ အထောက်အကူရမယ်။ အဲ့ဒီတော့ တစ်ဖက်က။ ဂျာအေး သူ့အမေရိုက်သလိုပဲ။ တစ်ဖက်ကအားနည်းချက်ရှိတော့၊ ကျောင်းမှာလည်း ပညာကောင်းကောင်း မသင်နိုင်တဲ့အချိန်မှာ၊ ပညာရေးကို စိတ်မဝင်စားဘူး။ စီးပွားရေး အားမကောင်းတဲ့ အတွက်ကြောင့် မိဘကို ကူညီဖို့လည်း မိဘကနေ ခိုင်းတဲ့အခါမှာ။ ခုနကပြောသလို စာမလိုက်နိုင်တဲ့ ဟာရယ်။ မိဘကနေ လုပ်ခိုင်းတဲ့အခါမှာ။ ပေါင်းစပ်တဲ့အခါကျတော့ ကလေးက ဒီအလယ်တန်းပညာလောက်မှာတင် ဆုံးခန်းတိုင်သွားတဲ့သူတွေ များစွာဖြစ်လာစေတာကို သွားတွေ့ရပါတယ်။ အဲ့ဒါကြောင့် ဘက်ပေါင်းစုံကနေ လုပ်ရမှာဖြစ်ပါတယ်။ ပညာရေးကောင်းချင်ရင်၊ ပညာရေးနဲ့ပတ်သက်ရင် ပညာရေးတစ်ခုတည်း ကျွန်တော်တို့အစိုးရ အားထည့်နေလို့ မရဘူး။ ပြည်သူပြည်သားအားလုံးရဲ့ လူမှုဘဝစီးပွားကို တက်အောင်လုပ်ပေးမှရမယ်။ အဲ့ဒီလိုသာ မလုပ်နိုင်ဘူးဆိုရင် အတူတူပဲ။ တလည်လည်နဲ့ပဲ ဖြစ်နေမှာဖြစ်တယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်မှုပိုင်းဟာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့မဆိုင်ဘူး။ အားလုံးက ဆိုင်ပါတယ်။ အားလုံးနဲ့ဆိုင်တယ်"ဟု ပြောကြားသည်။

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး**

ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်းများ မြင့်တက်လာလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်သူများမှ ဖြစ်ပွားမှုပိုများသဖြင့် ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်သည့် ကန့်သတ်ချက်များကို လျှော့ချပေးထားသော်လည်း ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာနိုင်ခြေရှိသဖြင့် မပေ့ါဆရန်လိုကြောင်း၊ ကိုဗစ်ကာကွယ်ဆေးအနေဖြင့် သန်း ၈၀ ခန့် လက်ခံရရှိခဲ့ပြီး ၇၂ သန်းခန့် ထိုးနှံပြီးဖြစ်ကြောင်း၊ အသက် ၁၈ နှစ်အထက် ထိုးနှံပြီးသူများပြားသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနသာမက ပြည်သူလူထုနှင့် အခြားအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးအနေဖြင့်လည်း ဝန်ကြီးဌာနများအလိုက် ကာကွယ်ဆေးများ ထိုးနှံနိုင်ရေး နှိုးဆော်တိုက်တွန်းဆောင်ရွက်ကြရန် လိုကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုများ မြင့်မားလာမည်ဆိုပါက ရောဂါကူးစက်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှလည်း ရောဂါကူးစက်မှုအခြေအနေများကို လေ့လာ၍ သုတေသနပြု ဆောင်ရွက်ရန် လိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးသည် နိုင်ငံတိုးတက်ရေးအတွက် များစွာ အထောက်အကူဖြစ်စေကြောင်း၊ မိမိအနေဖြင့် "ရှေ့သို့ချီ" Moving Forward ဆိုသည့်အတိုင်း နိုင်ငံတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ လုံခုတ်၊ ပေါင်းလင်းပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ လုံခုတ်၊ ပေါင်းလင်းပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များက ဟိုပုံးတပ်နယ်နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီ ငါးမျိုးစိတ်စိုက်ထည့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီငါးမျိုးစိတ်စိုက်ထည့်ပွဲကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၃၂၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတ ပေါကြွယ်ဝစေရေးတို့အတွက် ယခုကဲ့သို့ ငါးမျိုးစိတ်များ စိုက်ထည့်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်၏ ငါးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးရန် ရည်ရွယ်စိုက်ထည့်ပေးခြင်းဖြစ်သည်။ ထို့အပြင် နေပြည်တော် မင်္ဂလာကန်တွင် ကန်၏ရေမြေသဘာဝနှင့် လိုက်လျောညီသော ငါးများရှင်သန်တိုးပွားလာမှုကို မြှင့်တင်ပေးရန် ရည်ရွယ်၍ မင်္ဂလာကန်အတွင်းရှိ ငါးမျိုးစိတ်များ မပြုန်းတီးစေရန် ထိန်းသိမ်းခြင်းနှင့် လိုအပ်နေသော ငါးမျိုးစိတ်များ ထပ်မံစိုက်ထည့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ရွှေကြာပင်အားကစားကွင်း ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ရွှေကြာပင် အားကစားကွင်း၌ RC နှစ်ထပ် အထူးတန်းပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရွှေကြာပင် အားကစားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများက ရတနာပန္နက်တော်တင်မည့် ပန္နက်တိုင် ကိုးနေရာတို့တွင် နေရာယူကြပြီး ပန္နက်တော်ဌာနတွင် ရတနာပန္နက်တော် ကိုးချက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး ရတနာ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးသည်။

ဆက်လက်ပြီး Greeco ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်မည့် ပေ(၁၈၀ x ၁၅၀ ) မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်း စီမံကိန်း "ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား" ကို ဆက်လက်ကျင်းပရာ အကြီးအကဲများက ရတနာပန္နက်တော်တင်မည့်တိုင် ကိုးနေရာတွင် နေရာယူပြီး ပန္နက်တော်ဌာနများတွင် ရတနာပန္နက်တော်များကို တွင်းတော်တူး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဝန်ကြီးဌာန ပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇင်မင်းထက်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (တတိယလုပွဲ) ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက စက်မှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ (ဗိုလ်လုပွဲ)ပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရရှိသည့် စက်မှုဝန်ကြီးဌာန အသင်းအား ငွေသားဆုငွေကျပ် ၁၀ သိန်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ် ၁၅ သိန်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၂၀ ကို ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇင်မင်းထက်က လည်းကောင်း၊ ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သိန်း ၃၀ ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လည်းကောင်း၊ ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအား တံခွန်စိုက်ဒိုင်းဆုကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော်မတီဝင်များအနေဖြင့် ခရီးသွားလုပ်ငန်းများတွင် အကောင်းဆုံးအတိုင်းအတာတစ်ခုအထိ ရောက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လိုအပ်

**ထားဝယ် ဇူလိုင် ၂၉**

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်းများ၏ ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပေးသွားမည်ဖြစ်ပြီး ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယခင်က ပွင့်လင်းရာသီကာလရောက်ရှိချိန်တွင် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းသည် အားထားရသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယခုအချိန်၌ အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားလုပ်ငန်းများ နှောင့်နှေးကြန့်ကြာလျက်ရှိနေသည် တွေ့ရကြောင်း၊ ကော်မတီဝင်များအနေဖြင့် ခရီးသွားလုပ်ငန်းများတွင် အကောင်းဆုံးအတိုင်းအတာတစ်ခုအထိ ရောက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း အဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း ဆက်စပ် ဆောင်ရွက်နေသော ဝန်ဆောင်မှု အမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းများအပေါ်တွင် လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုပေးနိုင်ရန်အတွက် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက မိမိတို့တာဝန်ခံ ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ် အသီးသီးတွင် တွေ့ကြုံရင်ဆိုင်နေသူများဖြစ်သောကြောင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရန် ကာလတိုကာလရှည်အဖြစ် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးရဲအောင်မိုးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ကော်မတီမှ ဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှု ကဏ္ဍအလိုက် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲပါ

လက်ရှိအစိုးရကို ဒီမိုကရေစီနည်းကျကျ အတိုက်အခံပြု ကန့်ကွက်ရုံမျှ၊ လွတ်လွတ်လပ်လပ်ဆန္ဒဖော်ထုတ်ရုံမျှနဲ့တော့ ယခုလို အကျဉ်းထောင်လုပ်ထုံးလုပ်နည်းနဲ့အညီ အထိရောက်ဆုံးပြစ်ဒဏ်ပေးမိမယ် မဟုတ်ဘူးထင်ပါတယ်။ အခုဟာက ရန်ကုန်မြို့ထဲမှာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးတာတွေ ပါတယ်ဗျာ။ အပြစ်မဲ့ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ လုံခြုံရေးဝန်ထမ်းတွ သေကြရတယ်၊ ထိခိုက်ဒဏ်ရာရကြတာတွေရှိခဲ့ပါတယ်။

တရားမျှတမှုလိုလားသူတစ်ဦး

သူတို့သတ်ဖြတ်မှုကြောင့် မိဘမဲ့သားသမီး ဖြစ်သွားရသူတွေ၊ သားသမီးဆုံးရှုံးလိုက်ရတဲ့ မိဘတွေ၊ အနန္တောအနန္တဂိုဏ်းဝင် ကျောင်းဆရာ ဆရာမတွေ ဘယ်လောက်တောင် သတ်ဖြတ်ခံခဲ့ကြရပြီလဲ။ ဆရာတော်၊ သံဃာတော်တွေတောင်မချန် သတ်ခဲ့ဖြတ်ခဲ့ကြတဲ့သူတွေ၊ သွေးအေးအေးနဲ့ သတ်ရက်ခဲ့ကြတဲ့သူတွေ၊ ယခုအချိန်အထိ မပြီးနိုင်မစီးနိုင် ရက်ရက်စက်စက် သတ်ကြဆဲပါ၊ ဒီအကြမ်းဖက်တွေ သတ်လို့ သေဆုံးသွားခဲ့ကြသူတွေကို မေ့သွားကြလို့ မဖြစ်ဘူးထင်ပါတယ်ခင်ဗျာ။

ဒီမိုကရေစီအရေးကြွေးကြော်ပြီး သူတို့ကျူးလွန်ခဲ့တာ အကြမ်းဖက်လုပ်ရပ်တွေပါ၊ ဥပဒေအရ ထိထိရောက်ရောက် အပြစ်ပေးအရေးယူရမယ့် ပြစ်မှုတွေပါ။ သူတို့လုပ်ရပ်တွေက နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင်နဲ့ တရားဥပဒေစိုးမိုးမှု ပျက်ပြားအောင် ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင် ပြုလုပ်တာထင်ရှားပါတယ်။ ဒီလိုပြစ်မှုတွေ ကျူးလွန်မယ်ဆိုရင် ဒီလိုထိရောက်တဲ့ ပြစ်ဒဏ်ပေးခံရမယ်ဆိုတာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉ (က)၊ ၅၀ ( ဈ) နဲ့ ၅၀ ( ည ) တို့မှာပါပြီးသားပါ။ စစ်အုပ်ချုပ်ရေးကာလ သတ်မှတ်ထားလို့ Martial Law အရ စစ်ခုံရုံးဖွဲ့ စစ်ဆေးဆောင်ရွက်ပြီးမှ ထိထိရောက်ရောက် အမိန့်ချ၊ အကျဉ်းထောင်လုပ်ထုံးလုပ်နည်းနဲ့အညီ စီရင်လိုက်တဲ့သဘောလို့ပဲ မြင်မိပါတယ်။



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း ခြံအမှတ် (၆၇) နှင့် သဃ်န်းကျွန်းမြို့နယ် (ဇ) မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ မောင်ကျော် (ခ) ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ ခဲယမ်းများ။

**အကြမ်းဖက်သတ်ဖြတ် ဖောက်ခွဲဖျက်ဆီး ထောက်ပံ့မှုတွေအတွက် ထိရောက်တဲ့ အပြစ်ဒဏ်**

ပြစ်ဒဏ်သင့်ခံရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း NLD ပါတီဝင် မောင်ကျော် (ခ) ဖြိုးဇေယျာသော်ဆိုရင် CRPH, NUG အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ခံ PDF အကြမ်းဖက်တာဝန်ခံတစ်ဦးရဲ့ စေခိုင်းချက်အရ ဒီလူဟာ moon light operation လို့ခေါ်တဲ့ အကြမ်းဖက်အဖွဲ့နဲ့ zoom meeting လုပ်၊ သူတို့ကို မထောက်ခံသူတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေ၊ ရဲတပ်ဖွဲ့ဝင်တွေကို ပစ်ခတ်သတ်ဖြတ်ဖို့ ရန်ကုန်မြို့ထဲမှာ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးဖို့ စည်းရုံးခဲ့တယ်၊ လှုံ့ဆော်ခဲ့တယ်၊ လူသတ်လက်နက်ခဲယမ်းတွေ ထောက်ပံ့ခဲ့တယ်၊ အလှူငွေကောက်ခံပြီး ရတဲ့အလှူငွေတွေနဲ့ အကြမ်းဖက်အားပေး ထောက်ပံ့ခဲ့တာများကို ထင်ထင်ရှားရှား တွေ့ရပါတယ်။

သူကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကလည်း အများသား၊ သတ်ဖို့ဖြတ်ဖို့ လက်နက်ခဲယမ်း ထောက်ပံ့တာက ၃၅ ကြိမ်၊ စီစဉ်ညွှန်ကြားတာက ၁၁ ကြိမ်၊ အစိုးရအဆောက်အဦတွေကို အကြိမ် ၃၀၊ အုပ်ချုပ်ရေးမှူးရုံးတွေကို ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနဲ့ ကညနရုံးဝန်းကျင်မှာက ၂၅ ကြိမ်နဲ့ ကိုးကြိမ်စီ၊ CCTV control boxက ငါးကြိမ်၊ public area မှာ အကြိမ် ၂၀၊ ဘာသာရေးအဆောက်အဦတွေကို နှစ်ကြိမ်၊ စာသင်ကျောင်းသုံးကြိမ်၊ ယာဉ်ထိန်းရဲရုံးက ၁၂ ကြိမ် စသဖြင့် နေရာတော်တော်များများမှာ ၁၇၃ ကြိမ်ခန့် ဖောက်ခွဲဖျက်ဆီးခဲ့တာကို သတင်းထုတ်ပြန်ချက်တွေအရ သိရပါတယ်။ အကြမ်းဖက်လက်ချက်နဲ့ လုံခြုံရေးဝန်ထမ်း ကိုးဦး အပါအဝင် အပြစ်မဲ့ပြည်သူ ၁၂ ဦး သေဆုံးခဲ့ရတဲ့ အကြောင်းကိုလည်း ၎င်းထွက်ဆိုချက်တွေအရ ကိုယ်တိုင် Live လွှင့်ပြီးလည်း ထွက်ဆိုချက် ပေးခဲ့ပါသေးတယ်။

ထို့အတူပါပဲ ပြစ်ဒဏ်သင့်ခံရတဲ့ ၈၈ ကျောင်းသားဟောင်း ငြိမ်းချမ်းရေးနဲ့ ပွင့်လင်းလူ့အဖွဲ့အစည်းက အကြမ်းဖက်ခေါင်းဆောင်တစ်ယောက်ဖြစ်တဲ့ ကျော်မင်းယု (ခ) ဂျင်မီ ဆိုရင်လည်း အကြမ်းဖက်ရာမှာအသုံးပြုမယ့် လက်နက်ခဲယမ်းတွေ၊ အကြမ်းဖက်သမားတွေကို နေရာဝှက်သိုဝှက်သိမ်းဆည်းပေးပြီး အကြမ်းဖက်သမားတွေနဲ့ zoom meeting တွေလုပ်၊ ဖောက်ခွဲဖျက်ဆီးမယ့် နေရာတွေ သတ်မှတ်ပေးပြီး ဖောက်ခွဲဖျက်ဆီးဖို့ အကြံပေး၊ အကြမ်းဖက်သမားတွေဆီ လက်နက်ခဲယမ်းတွေ ဝယ်ယူဖို့ ငွေကြေးထောက်ပံ့၊ UMCD ဆိုတဲ့ အဖွဲ့နဲ့ပေါင်းပြီး USD သိန်း ၁၀၀၀ လောက်တန်တဲ့ လက်နက်ပြုလုပ်နိုင်တဲ့ 3D Printer ဝယ်ဖို့ အကြမ်းဖက်အဖွဲ့ NUG နဲ့ဆက်သွယ်ပြီး ငွေတောင်းခံ၊ USD ကိုဝယ် မြန်မာငွေနဲ့ အကြိမ်ကြိမ်လဲလှယ်ပြီး အကြမ်းဖက်အဖွဲ့တွေကို ငွေထောက်ပံ့စသဖြင့် အကြမ်းဖက်မှုမြောက်တဲ့ အကြမ်းဖက်ပြစ်မှုတွေ များစွာကျူးလွန်ခဲ့တယ်ဆိုတာကို တွေ့ရပါတယ်။

**ပြည်သူတွေရာနဲ့ချီ သေဆုံးဒဏ်ရာရနိုင်တဲ့ မြောက်မြားလွန်းတဲ့ လက်နက်ခဲယမ်း လူသတ်ပစ္စည်းများ**

ဖမ်းဆီးရမိတဲ့ လက်နက်တွေကိုလည်းကြည့်လိုက်ပါဦး။ လွှတ်တော်ကိုယ်စားလှယ်ဟောင်းကြီး မောင်ကျော် (ခ) ဖြိုးဇေယျာသော်ဆီက သိမ်းဆည်းလိုက်တဲ့ အရေအတွက်ဆိုရင် လက်နက်မျိုးစုံ ၂၁၇ လက်၊ ကျည်အိမ်မျိုးစုံ ၂၀၆ ခု၊ ကျည်မျိုးစုံ အတောင့် ၁၃၇၆၀၊ ဗုံးသီးမျိုးစုံ ၃၂ လုံး၊ ရှေ့ထွက်မိုင်းခြောက်လုံး စသဖြင့်...များပြားပြီးပြင်းထန်တဲ့ လက်နက်ခဲယမ်းတွေကို တွေ့ရပါလိမ့်မယ်။ ရှေ့ထွက်မိုင်းတစ်လုံး ထိလိုက်ရင် လူရာနဲ့ချီပြီး သေကျေဒဏ်ရာရနိုင်ပါတယ်။ ဒီလောက်များပြားတဲ့ အရေအတွက်ဟာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်က သိုဝှက်ထားတဲ့ နေရာနှစ်နေရာမှာခွဲပြီး ဖမ်းမိတဲ့အရေအတွက်များသာ ဖြစ်ပါတယ်။

ဖမ်းဆီးမိပြီးမှ တရားခံက ဖော်ထုတ်လိုက်လို့မိတဲ့ လက်နက်ခဲယမ်းတွေလည်း အမြောက်အမြားရှိပါသေးတယ်။ ပစ္စတိုနှစ်လက်နဲ့ ၎င်းကျည် ၄၈ တောင့်၊ M16 ရှစ်လက်နဲ့ ၎င်းကျည် ၇၄ တောင့်၊ AK–47 ရှစ်လက်၊ MK 12 ၁၅ လက်၊ M4A1 ကာဘိုင် သုံးလက်၊ FcG9 သုံးလက်၊ စနိုက်ပါ နှစ်လက်၊ လက်လုပ်ပစ္စတို ၁၂၈ လက်၊ လက်လုပ်စိန်ပြောင်းခြောက်လက်၊ ၄၀ မမ ဗုံးသီး ၄၃ လုံး၊ မိုင်းမျိုးစုံ ၁၆ လုံး၊ လက်ပစ်ဗုံးမျိုးစုံ ၄၈ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၀၉၉ လုံး၊ မီးခိုးဗုံး ၆၁ လုံး စသည်ဖြင့်... ယမ်းစိမ်းယမ်းပြင်း ယမ်းပျော့ မျိုးစုံ၊ လက်လုပ်ယမ်း၊ ယမ်းကြိုး၊ ဒီတိုနေတာ၊ TNT ယမ်း၊ C4 ယမ်းနဲ့ Tran–sistor ဘူးတွေ၊ စကားပြောစက်နဲ့ ကီးပက်ဖုန်းတွေ၊ ဆက်သွယ်ရေး အထိုင်စက်၊ မှန်ပြောင်း၊ ဂြိုဟ်တုဖုန်း၊ laptop၊ harddisk၊ နိုင်ငံကူးလက်မှတ်စာအုပ်နဲ့ စိတ်ကြွရူးသွပ်ဆေးတွေ၊ ဖောက်ခွဲဖျက်ဆီးမှုလုပ်မယ့်နေရာစာရင်း၊ လုပ်ကြံသတ်ဖြတ်ရမယ့် လူစာရင်းတွေ... စသဖြင့်... စသဖြင့် အသေအချာ အကွက်ချစီစဉ် စီမံရေးဆွဲပြီးမှ အကြမ်းဖက်လုပ်ငန်းတွေ လုပ်ဆောင်ခဲ့ကြတယ်ဆိုတာ ထင်ရှားလှပါတယ်။

၎င်းကိုယ်တိုင် ဦးဆောင်ဖွဲ့စည်းထားတဲ့ အမည်နာမအမျိုးမျိုးနဲ့ နေရာဒေသ အခြေခံအကြမ်းဖက်အဖွဲ့အစည်းမျိုးစုံကိုလည်း ကြည့်ပါဦး... STF, SOF, HRD, YG Netward, UMCD, RF, UG, 44ST UG, YFA၊ တာမွေပကဖ၊ တောင်ဥက္ကလာပကဖ၊ သာကေတပကဖ၊ ဒဂုံမြောက်/ဒဂုံတောင် ပကဖ၊ လှိုင်သာယာပကဖ၊ လှိုင် ပကဖ၊ ကော့မှူး ပကဖ၊ ဒေါပုံ ပကဖ၊ မင်္ဂလာဒုံ ပကဖ စသဖြင့် အရောင်အသွေးစုံလင်လှတဲ့ များလွန်းလှတဲ့ အကြမ်းဖက်အဖွဲ့တွေ.... ဒီလိုအကြမ်းဖက်သူတွေကိုမှ ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးမယူရင် ဘယ်လိုလူကို အပြစ်ပေးအရေးယူသင့်ပါသလဲ။ ဆန်းစစ်ကြည့်လို့ ရပါတယ်။

နောက်တစ်ဦးဖြစ်တဲ့ ၈၈ ငြိမ်း/ပွင့် ဂျင်မီဆီက ဖမ်းဆီးမိတဲ့ လက်နက်တွေကတော့ AK– 47 ခြောက်လက်၊ M–16 ရှစ်လက်၊ ၁၂ ဗို့ နှစ်လက်၊ တူမီးတစ်လက်နဲ့ ကျည်အိမ်မျိုးစုံ ၁၈ ခုတို့ဖြစ်ပြီး ဒီလက်နက်တွေကို ဒဂုံမြို့သစ်မြောက်ပိုင်း၊ ပင်လုံအိမ်ရာ၊ မြနှင်းဆီလမ်းနေအိမ်ကနေ သိမ်းဆည်းရမိခဲ့ခြင်း ဖြစ်ပါတယ်။ အပြစ်မဲ့အရပ်သား သေဆုံးရမှုကတော့ တပ်မတော်/ ရဲတပ်ဖွဲ့မပါ အနည်းဆုံး ၅၀ ကျော်လောက်အထိ ထိုကာလအတွင်းမှာ သေဆုံးခဲ့ကြကြောင်း သိရှိခဲ့ရပါတယ်။

**❖ သူတို့လုပ်ရပ်တွေက နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားပျက်ပြားအောင်နဲ့ တရားဥပဒေစိုးမိုးမှု ပျက်ပြားအောင် ပြည်သူတွေ အထိတ်တလန့်ဖြစ်အောင် ပြုလုပ်တာ ထင်ရှားပါတယ်။ ဒီလိုပြစ်မှုတွေ ကျူးလွန်မယ်ဆိုရင် ဒီလို ထိရောက်တဲ့ ပြစ်ဒဏ် ပေးခံရမယ်ဆိုတာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၉ (က)၊ ၅၀ ( ဈ) နဲ့ ၅၀ ( ည ) တို့မှာပါပြီးသားပါ။ စစ်အုပ်ချုပ်ရေးကာလ သတ်မှတ်ထားလို့ Martial Law အရ စစ်ခုံရုံးဖွဲ့ စစ်ဆေးဆောင်ရွက်ပြီးမှ ထိထိရောက်ရောက် အမိန့်ချ၊ အကျဉ်းထောင်လုပ်ထုံးလုပ်နည်းနဲ့အညီ စီရင်လိုက်တဲ့သဘောလို့ပဲ မြင်မိပါတယ်**

*စာမျက်နှာ ၇ သို့*

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၉**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်၊ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ အသားတိုးကြက်မွေးမြူထားရှိမှု၊ Evap Type ဥစားကြက်မွေးမြူထားရှိမှု၊ နို့စားနွားမွေးမြူထားရှိမှု၊ အသားတိုးနွား မွေးမြူထားရှိမှု၊ DYL ဝက်မွေးမြူထားရှိမှုနှင့် နေရောင်ပြအင်း၌ ငါးမွေးမြူရေးလုပ်ငန်း၊ ဘဲမွေးမြူရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်

**ရန်ကုန် ဇူလိုင် ၂၉**

အမျိုးသားရေး တက်ကြွလှုပ်ရှားသူများစုပေါင်း၍ အစွန်းရောက် အကြမ်းဖက်သမားများ၏ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့တွင် ပြုလုပ်ခဲ့သည်။




## သံပြိုင်ကြွေးကြော်

ရှေးဦးစွာ တက်ရောက်လာကြသည့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်ခဲ့ပြီး အကြမ်းဖက် အစွန်းရောက်လုပ်ရပ်များ (အလိုမရှိ)၊ အပြစ်မဲ့ သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာ ကောက်ကျစ်မှုများ (အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက်လုပ်ရပ် မှန်သမျှ (ဆန့်ကျင်ကြ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက် အားပေး ထောက်ခံသူများ (ဆန့်ကျင်ကြ)၊ နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုး ဒေါ်လာစား ပြည်ဖျက်လောက်ကောင်များအား (ဆန့်ကျင်ကြ)ဟူသော ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြသည်။

## ရှင်းလင်းဟောပြော

ထို့နောက် အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

## ဆန့်ကျင်ရှုတ်ချ

ယင်းနောက် တက်ရောက်လာကြသည့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အစွန်းရောက် အကြမ်းဖက်သမားများ၏ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲကို ရုပ်နားခဲ့သည်။

သတင်းစဉ်

*စာမျက်နှာ ၆ မှ*

## ဒီမိုကရေစီလိုလားသူသည် ဘယ်တော့မှ အကြမ်းဖက်သမားမဖြစ်

အားလုံးကို အထောက်အထား ခိုင်ခိုင်လုံလုံ သက်သေအထောက်အထား ပြည့်ပြည့်စုံစုံနဲ့ ချပြပြီးလည်းဖြစ်ပါတယ်။ ဒါကိုပဲ ငြင်းပယ်နေတဲ့သူ၊ ပြစ်ဒဏ်ပေးခံရသူတွေကို ဒီမိုကရေစီလိုလားသူတွေလို့ ပုံဖော်ပြီး စိတ်မကောင်း၊ ဝမ်းနည်းကြောင်းပြောပြီး စွပ်စွဲပုတ်ခတ်တဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်း၊ မီဒီယာတွေဟာ အကြမ်းဖက်အားပေးတဲ့သူတွေအဖြစ် တံဆိပ်ကပ်ခံရပါလိမ့်မယ်။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးထွန်းကားတယ်ဆိုတဲ့ နိုင်ငံတွေမှာရော၊ ယခုလိုသာ နိုင်ငံရဲ့ အုပ်ချုပ်ရေးယန္တရားပျက်အောင်၊ ပြည်သူတွေ ငြိမ်းငြိမ်းချမ်းချမ်းမနေရအောင် သတ်ဖြတ် ဖောက်ခွဲဖျက်ဆီးနေသူတွေဆိုရင် ဘယ်လို သဘောထားပါ့မလဲ.... သုံးသပ်စေလိုပါတယ်။

အမေရိကန်နိုင်ငံတစ်နိုင်ငံတည်းကိုပဲ လေ့လာကြည့်ရအောင်ပါ။ ယခုနှစ် ဇူလိုင်လ မှတ်တမ်းတစ်ခုအရ ၂၀၂၂ ကနေ ၂၀၂၆ ခုနှစ်အထိ ပြည်နယ် လေးခုမှာ သေဒဏ်ပေးဖို့ စီရင်ချက်ချပြီး ၆၃ ဦးထိ ရှိထားတယ်လို့သိရပါတယ်။ ၂၀၂၂ ခုနှစ်ထဲ ဇန်နဝါရီကနေ ဇွန်လအထိ ခြောက်ဦးကို ကွပ်မျက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ အနီးစပ်ဆုံး ၂၀၂၁ ခုနှစ်ထဲမှာလည်း ၁၁ ဦးကို သေဒဏ်အပြစ်ပေးစီရင်ခဲ့ပါတယ်။ ဒီလိုနိုင်ငံကြီးဆိုသူက သူများနိုင်ငံရဲ့ တရားစီရင်ရေးစနစ်မှာ ဘာလို့များ ဝင်ရောက်စွက်ဖက်နေရပါလိမ့်။ စဉ်းစားရင်းနဲ့ ထိုနည်းတူ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်စဉ်ကာလမှာကော၊ မှတ်သားမိသမျှ ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမားအရေးတော်ပုံကစလို့ ၁၉၃၁-၃၂ ခုနှစ်အထိ သေဒဏ်ပေးခံရတဲ့ မြန်မာတွေ ၃၃၂ ဦးအထိ ရှိခဲ့ကြောင်းလည်း မှတ်သားမိပါတယ်။

❒ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုပါ။ မြန်မာလူမျိုးတွေဟာ နောင်သံသရာအရေးကို ထည့်သွင်းစဉ်းစားပြီးမှ လုပ်လေ့လုပ်ထရှိကြပါတယ်။ လိုအပ်လို့ စိတ်မချမ်းသာစွာနဲ့ အများအေးချမ်းသာယာရေးအတွက်၊ အပြစ်မရှိဘဲ လုပ်ကြံသတ်ဖြတ်ခံရသူတွေနဲ့ ဆွေမျိုးသားချင်းတွေအတွက် မလွှဲမရှောင်သာဘဲ ဦးစားပေးပြီး လုပ်လိုက်ရတာပဲဖြစ်မှာပါ။ အသတ်ဖြတ်ခံရသူတွေရဲ့ စိတ်ဒုက္ခသောကတွေအတွက် တရားမျှတမှုတစ်ခုပေးလိုက်ခြင်းလို့လည်း ဆိုနိုင်ပါတယ်

### စီရင်ထိုက်သည်ကို စီရင်ခြင်းသာဖြစ်

ပြစ်ဒဏ်စီရင်ချက်ချင်းအတူတူ ဘာကြောင့် NLD ပါတီဝင်နဲ့ ၈၈ အဟောင်း နှစ်ယောက်ကို အခြားသူနှစ်ဦးထက် ပိုပြီးစာနာနေကြရပါသလဲ။ ဒီနှစ်ယောက်ထဲမှာရော တော်လှန်ရေးအတွက် ပေးဆပ်တာချင်းအတူတူ ဘာကြောင့် NLD ဝင်ဟောင်းကို ပို၍ ဦးစားပေးနေကြရပါသလဲ။ ပိုပြီးသတိထားလေ့လာရင် ဆက်စပ်မှုသဘောတရားတွေကို ပို၍မြင်နိုင်လာပါလိမ့်မယ်။ သတိထားမိတာ တစ်ခုရှိပါတယ်။ ယခု ပြစ်ဒဏ်ချမှတ် အပြစ်ပေးစီရင်တဲ့ပုံစံက စီရင်ထိုက်သူကို စီရင်ခဲ့ခြင်းသာဖြစ်ပါတယ်။ လူသတ်အကြမ်းဖက်မှုများနဲ့ တိုက်ရိုက်ဆက်စပ်ပတ်သက်နေသူတွေကိုသာ စီရင်နေတာဖြစ်ပါတယ်။ ဖမ်းဆီးထားသူတိုင်းကိုလည်း ဒီလိုပုံစံမျိုးသွားနေတာမဟုတ်ပါဘူး။ သူ့အပြစ်နဲ့သူသာလျှင် ဖြစ်ပါတယ်။

အပြင်းထန်ဆုံး၊ အထိရောက်ဆုံး ပြစ်ဒဏ်စီရင်ချက်ချခြင်းဆိုတဲ့ သတင်းစကားတွေဟာ တကယ်တော့ စိတ်မကောင်းစရာ၊ ပျော်စရာမဟုတ်မှန်းလည်း သိပါတယ်။ သို့ပေမယ့် ဒီလိုစီရင်ချက်ဟာ လိုအပ်လို့ လုပ်တာပဲ ဖြစ်ကောင်းဖြစ်မှာပါ။ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာတိုင်းပြည်တစ်ခုပါ။ မြန်မာလူမျိုးတွေဟာ နောင်သံသရာအရေးကို ထည့်သွင်းစဉ်းစားပြီးမှ လုပ်လေ့လုပ်ထရှိကြပါတယ်။ လိုအပ်လို့ စိတ်မချမ်းသာစွာနဲ့ အများအေးချမ်းသာယာရေးအတွက်၊ အပြစ်မရှိဘဲ လုပ်ကြံသတ်ဖြတ်ခံရသူတွေနဲ့ ဆွေမျိုးသားချင်းတွေအတွက် မလွှဲမရှောင်သာဘဲ ဦးစားပေးပြီး လုပ်လိုက်ရတာပဲဖြစ်မှာပါ။ အသတ်ဖြတ်ခံရသူတွေရဲ့ စိတ်ဒုက္ခသောကတွေအတွက် တရားမျှတမှုတစ်ခုပေးလိုက်ခြင်းလို့လည်း ဆိုနိုင်ပါတယ်။ ယခုလိုဖမ်းဆီးမိပြီး လက်နက်အမြောက်အမြား သိမ်းဆည်းမိလိုက်တာကပဲ ရန်ကုန်သူ၊ ရန်ကုန်သားတွေအတွက် အများကြီးကံကောင်းသွားတယ်လို့ပဲ မှတ်ယူရပါတယ်။ မိများမမိရင် နောက်ဆက်တွဲအဆုံးအရှုံးတွေများစွာ ရှိလာနိုင်တယ်ဆိုတာတွေးရုံနဲ့ပင် သိနိုင်ပါလိမ့်မယ်။

သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိစမြဲ ဆိုသလို ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ်ထံပြန်လာခြင်းသာဖြစ်ပါတယ်။ အကြောင်းရှိလို့လည်း အကျိုးဆက်က ဖြစ်လာတာပါ။ ဝဋ်ဆိုတာ လည်တတ်တယ်ဆိုတာ ပြလိုက်သလိုပါပဲ။ အကြမ်းဖက်မှုကို အကြမ်းဖက်ဥပဒေကသာ စီရင်လိုက်ခြင်းဖြစ်ပါတယ်။ သူတို့ကို ပြစ်ဒဏ်စီရင်တာကမှ စစ်ခုံရုံးဆိုတာရှိသေးပြီး အယူခံဝင်လို့ရပါသေးတယ်။ အကြမ်းဖက်ဘယ်သူဘယ်ဝါ လက်ချက်မှန်းမသိ ဘယ်တရားရုံးကိုမှ မတက်လိုက်ရဘဲ ရုတ်တရက် အသတ်ခံရလို့ သေဆုံးသွားရသူတွေ ထောင်နဲ့ချီပြီး ရှိနေပါပြီ။ သူတို့မှာလည်း အသက်တွေနဲ့ ဘဝတွေ မိသားစု တွေရှိပါတယ်။ တကယ်တော့ ကျွန်တော်တို့ လူ့ဘောင်မှာ ကိုယ်ချင်းစာ သနားငဲ့ညှာတတ်ဖို့တွေ အများကြီးလိုအပ်နေဆဲဖြစ်ကြောင်း သက်သေပြလိုက်သလိုပါပဲ။

ဘာပဲဖြစ်ဖြစ်လေ... ဒလန်လို့ စွပ်စွဲခံရပြီး အပြစ်မရှိဘဲ အနိုင်အထက်ပြုကျင့်ခံရ၊ သတ်ဖြတ်ခံခဲ့ရသူတွေရဲ့ ကျန်ရစ်သူမိဘဆွေမျိုး ညီအစ်ကိုအပေါင်းတို့ကတော့ ပေးဆပ်ခဲ့ရသူတွေအတွက် တစ်စုံတစ်ရာသော တရားမျှတမှုတစ်ခုကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီလို့ ဆိုသူက ဆိုရမှာပါ။ ဒီလိုတရားမျှတမှုကို လိုလားသူတွေလည်း အမြောက်အမြား ရှိနေဆဲပါ။ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုကတော့ ရှိစမြဲပဲဖြစ်ပြီး နောက်ဆုံးတော့ တရားသဘောအတိုင်းသာ သံဝေဂယူနိုင်ကြဖို့ပဲ ရှိပါတော့တယ် ဗျာ...

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသည် ကဏ္ဍပေါင်းစုံပါဝင်ပတ်သက်နေသဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီး

**ပဲခူး ဇူလိုင် ၂၉**

ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် ဒေသတွင်း ခရီးသွားလုပ်ငန်းများ အမြန် ပြန်လည်ဦးမော့လာစေရေးနှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ တိုင်းဒေသကြီးအတွင်း ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှု လျော့ပါးလာခြင်းနှင့်အတူ ဇူလိုင်လအတွင်း နိုင်ငံတကာခရီးသွားဧည့်သည်လာရောက်လည်ပတ်မှု Package Tour ခရီးစဉ် ငါးကြိမ်နှင့် ထိုင်းခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခဲ့ကြကြောင်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၂) တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အစိုးရအဖွဲ့အနေဖြင့် ရှေးဟောင်းအဆောက်ဦ၊ ကျုံး၊ မြို့ရိုးများ ပြန်လည်အဆင့်မြှင့်တင်၍ ခရီးသွားနေရာသစ်များ ဖော်ထုတ်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အပန်းဖြေနေရာများ တည်ဆောက်ခြင်းနှင့်အတူ မြို့ပြသန့်ရှင်းသာယာလှပစေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ခရီးသွားဧည့်သည်များ၏ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ဟိုတယ်လုပ်ငန်းလိုင်စင်အသစ်လျှောက်ထားလာမှု တစ်ခု၊ ခရီးလှည့်လည်ရေးကုမ္ပဏီ သက်တမ်းတိုးတစ်ခု၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်း၊ ခရီးသွားဧည့်လမ်းညွှန်သက်တမ်းတိုးခြင်းနှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် နေပြည်တော်ပြခန်း၌ ခင်းကျင်းပြသသွားမည့် နမူနာပုံစံများကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် ကော်မတီအဖွဲ့ဝင်များက တင်ပြချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးထုတ်ကုန်များကို တစ်နေရာတည်း၌စုပေါင်းထုတ်လုပ်နိုင်သော ဘားအံမွေးမြူရေးဇုန်ဖွင့် လက်ရှိရင်းနှီးမြှုပ်နှံမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၆၀၀ ဒသမ ၁၂၀ သန်းခန့်ရှိ

**ဘားအံ ဇူလိုင် ၂၉**

ကရင်ပြည်နယ်အတွင်း အသားထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး ဒေသတွင်းစားသုံးမှု ဖူလုံပိုလျှံကာ ပြည်တွင်းပြည်ပဈေးကွက်များသို့ မွေးမြူရေး ထုတ်ကုန်များ တင်ပို့ရောင်းချနိုင်ရေး ကရင်ပြည်နယ်အစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စုရှိ ဘားအံမွေးမြူရေးဇုန် ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခန့်က အဆိုပါ မွေးမြူရေးဇုန် မုခ်ဦး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ မွေးမြူရေးဇုန်သစ်ကို ဖွင့်လှစ်နိုင်ခြင်းကြောင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပြည်သူများ အစားအစာအာဟာရပြည့်ဝစေပြီး အစားအစာဘေးကင်းလုံခြုံမှုရှိစေခြင်း၊ ပိုလျှံသည်များအား ပြည်တွင်းပြည်ပသို့ တင်ပို့နိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ တိရစ္ဆာန်မှထွက်သော အညစ်အကြေးများမှ သဘာဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန် သဘာဝမြေသြဇာစက်ရုံများကို တည်ထောင်ထားပြီးဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက်လည်း အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ဆောင်သော မွေးမြူရေးလုပ်ငန်းရှင်၊ မွေးမြူရေးဇုန် ဖြစ်စေရေး ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်က ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဘားအံမွေးမြူရေးဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မွေးမြူရေးဇုန် ဖွင့်လှစ်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်များ ပေးအပ်၍ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဘားအံ မွေးမြူရေးဇုန်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြေဧရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် တစ်ဧကအကျယ် တစ်ယူနစ် အကွက်ပေါင်း ၉၀၊ ယူနစ်မပြည့်သည့် အကွက်ပေါင်း ၁၆ ကွက် စုစုပေါင်း ၁၀၆ ယူနစ်ကို ဖော်ထုတ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၈၂၁ ဒသမ ၆၁ သန်းဖြင့် မြေသားလမ်း လေးမိုင်၊ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း နှစ်မိုင်အပါအဝင် လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ယခုလက်ရှိဘားအံမွေးမြူရေးဇုန်တွင် နွား ၃၀၀ ၊ ဆိတ် ၃၂၅၀၊ ဥစားကြက် ၃၀၀၀၀၊ ဒေသကြက် ၁၂၀၀၀၊ သဘာဝမြေသြဇာစက်ရုံနှစ်ရုံ၊ မွေးမြူရေးအစားအစာနှင့်ဆေးဝါးအရောင်းဆိုင်တစ်ဆိုင်တို့ကို ဖွင့်လှစ်ထားရှိကာ မွေးမြူရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေကျပ် ၈၈၇၉ ဒသမ ၇၃၆ သန်း ဖြစ်သည့်အတွက် ဘားအံမွေးမြူရေးဇုန်၏ လက်ရှိ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၉၆၀၀ ဒသမ ၁၂၀ သန်း ၉ ဒသမ ၆ ဘီလီယံခန့်ရှိကြောင်း သိရသည်။

အဆိုပါ ဘားအံမွေးမြူရေးဇုန်ကို ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးဦးစောခင်မောင်မြင့်နှင့် ဘားအံမွေးမြူရေးဇုန် ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမွေးမြူရေးဇုန် ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးကာ ဇုန်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့အား အမွှေးနံ့သာရည်များ ပတ်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွေးမြူရေး ဇုန်ဖွင့်ပွဲသို့ တက်ရောက်လာသော တိုင်းရင်းသား ယဉ်ကျေးမှုကိုယ်စားလှယ် အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဘားအံမွေးမြူရေးဇုန်ဖွင့်ပွဲအထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသော ဇုန်ဖော်ထုတ်မှုမှတ်တမ်းဓာတ်ပုံများ၊ မွေးမြူရေးအစားအစာ၊ ဆေးဝါးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေး နံရံကပ်ပိုစတာများ၊ တိရစ္ဆာန်အစာတောင့် ကြိတ်စက်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမွေးမြူရေးဇုန်၌ မွေးမြူရေးလုပ်ငန်းရှင်များ၏ နွားမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံ၊ ဒေသကြက်နှင့် ဥစားကြက်ခြံများ၊ မွေးမြူရေး အစားအစာနှင့်ဆေးဝါးအရောင်းဆိုင်၊ သဘာဝမြေသြဇာထုတ်လုပ်ရေးစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဘားအံ မွေးမြူရေးဇုန်သည် အစာအာဟာရပြည့်ဝသော၊ ဇီဝလုံခြုံမှုနှင့်ကူးစက်ရောဂါထိန်းချုပ်မှုများကို စနစ်တကျ စီမံခန့်ခွဲနိုင်သော၊ မွေးမြူရေးထုတ်ကုန်များကို တစ်နေရာတည်း၌ စုပေါင်းထုတ်လုပ်နိုင်သော၊ တိရစ္ဆာန်များ သက်သောင့်သက်သာစွာနေထိုင် စားသောက်နိုင်ရေးနှင့်အညီ အဆောက်အဦများကို တည်ဆောက်မွေးမြူစေပြီး စိုက်ပျိုးရိတ်သိမ်းကျွေးမွေးသည့် (Cut & Carry) စနစ်ကို ကျင့်သုံးသွားမည့် ပထမဆုံး မွေးမြူရေးဇုန်တစ်ခုဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပန်းတနော်၌ ရောဝတီမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ရသော နေအိမ် ၃၃ လုံးအတွက် ထောက်ပံ့ငွေပေးအပ်

**ပန်းတနော် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ဇူလိုင် ၂၆ ရက်က ဧရာဝတီမြစ်ရေ တိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ရသော နေအိမ် ၃၃ လုံးအတွက် ယမန်နေ့က ဒေါင့်ကြီးကျေးရွာ ရတနာသိင်္ဂီဘုန်းတော်ကြီးကျောင်း၌ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဧရာဝတီမြစ်ရေတိုက်စားပြီး မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ်များ ကြိုတင်ပြောင်းရွှေ့ခဲ့ရသော ပန်းတနော်မြို့နယ် ကဿဝင်ကျေးရွာအုပ်စုနှင့် တောကျောင်းကျေးရွာအုပ်စုတို့ရှိ လူနေအိမ် ၃၃ လုံး၊ အိမ်ထောင်စု ၃၃ စု၊ လူဦးရေ ၁၈၉ ဦးတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ အတွင်းရေးမှူးရဲမှူးကျော်ဇံ၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးဇေယျာမြင့်၊ အဖွဲ့ဝင် (၂) ဦးသိန်းဝင်းနှင့် မအူပင်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်လင်းထွဋ်တို့က အိမ်ဆောက်ပစ္စည်းဖိုး နေအိမ်တစ်လုံးလျှင် တစ်သိန်းနှုန်းဖြင့် နေအိမ် ၃၃ လုံးအတွက် ထောက်ပံ့ငွေကျပ် ၃၃၀၀၀၀၀၊ ဆန်ရိက္ခာဖိုး လူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် လူဦးရေ ၁၈၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၉၆၉၀၀ တို့အား အိမ်ထောင်စုဝင်များ၏ လက်ဝယ်အရောက်သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# တက္ကသိုလ်နှင့် လက်တွေ့လုပ်ငန်းခွင် ချိတ်ဆက်မှုအားကောင်းစေရန် ပူးပေါင်းဆောင်ရွက်ကြရမည်

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း သင်ကြားနေသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံကျောင်းများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဖွင့်လှစ်သင်ကြားရာတွင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေပျော်၍ စိတ်ဓာတ်မြင့်မားတက်ကြွစေရေး၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးအတွက် ကျောင်းများသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိရာ မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားသို့ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်မှာ နိုင်ငံတကာအဆင့်မီ ITပညာရပ်များ လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများရရှိနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ဒီဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ကွန်ပျူတာပရိုဂမ်အင်ဂျင်နီယာနှင့် အီလက်ထရွန်နစ် ဆက်သွယ်ရေးအင်ဂျင်နီယာများကို မွေးထုတ်ပေးရာနေရာတစ်ခုလည်းဖြစ်ကြောင်း၊ သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပရော့ဂျက်များ၊ အသုံးချ သုတေသနများ ဖန်တီးဖော်ထုတ်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးပိုင်းနှင့်စီမံခန့်ခွဲမှုပိုင်းတို့တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားပြီး အကောင်းဆုံးစိတ်ဓာတ်အကောင်းအဆုံးအရည်အချင်းတို့ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တိုးတက်အောင်မြင်ရေးအတွက် တက္ကသိုလ်နှင့် လက်တွေ့လုပ်ငန်းခွင် ချိတ်ဆက်မှုအားကောင်းစေရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်အလိုက် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်း သရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီးတိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀ နှင့် တက္ကသိုလ်များ အားကစားအဆင့်အတန်းမြင့်မားရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျောင်း၏ လိုအပ်ချက်များ၊ ဆရာ ဆရာမများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးကြောင်း သိရသည်။

သတင်းစဉ်

---

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၉**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့ရှိ သာသနာ့အလင်းရောင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ ကောင်းစေတီတောရကျောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဓမ္မရက္ခိတခြံကျောင်းတိုက်၊ သထုံမြို့ မင်္ဂလာအေးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သီလဝါကျေးရွာရှိ သီလဝါသီလရှင်ပညာရေးကျောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဗောဓိဓမ္မကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မဟိန္ဒာရာမ(မိုးညို)ကျောင်းတိုက်၊ ညောင်ပင်သာကျေးရွာ ဓမ္မဝိနယာလင်္ကာရ ကျောင်းတိုက်၊ ရပ်ကွက်ကြီး(၁)ရှိ ရွှေဆင်မင်းသီလရှင် စာသင်တိုက်၊ ရပ်ကွက်ကြီး(၂)ရှိ ဇယန်းသာသနာ့ရက္ခိတသီလရှင်စာသင်တိုက်၊ ရွာသစ်ကလေးကျေးရွာရှိ တပ်ဦးဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

---

## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**လွိုင်ကော် ဇူလိုင် ၂၉**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)ဒေသ ကွပ်ကဲရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ ၊ စစ်သည်နှင့်မိသားစုဝင်များကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တပ်မတော်ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ ၊ စစ်သည်နှင့် မိသားစုဝင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆေးရုံအတွင်းရှိ ဆေးကုသဆောင်များသို့ သွားရောက်၍ ဆေးကုသလျက်ရှိသော လူနာများအား ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

---

## အသေးစား၊ အလတ်စားလုပ်ငန်းများအနေဖြင့် ပြည်တွင်းမှ ကုန်ကြမ်းများရရှိနိုင်ရေး ဦးစားပေး ဆောင်ရွက်သွားရန်လို

**ဥတ္တရသီရိ ဇူလိုင် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ အခမ်းနားကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးဇေယျာလင်းက အုတ်လုပ်ငန်းရှင်များ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသောတောင်သူများ၊ စက်မှုလယ်ယာလုပ်ငန်းရှင်များ၊ ဆန်စက်နှင့်ဆီစက်လုပ်ငန်းရှင်များ တွေ့ကြုံရသည့် အခက်အခဲများ၊ လိုလားချက်များအတွက် တင်ပြချက်များအပေါ် မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာ ဌာနများဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေး တွေ့ဆုံဆွေးနွေးရခြင်း ဖြစ်ကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများအနေဖြင့် ကုန်ကြမ်းရရှိမှုသာလည်ပတ်နိုင်မည် ဖြစ်သဖြင့် ပြည်တွင်းမှ ကုန်ကြမ်းများရရှိနိုင်ရေးဦးစားပေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှု၊ လုပ်ငန်းများ အနေဖြင့်လည်း ထိုက်သင့်သည့် ဝင်ငွေရရှိရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ အပြည့်အဝရရှိရေးတို့ကို အခြေပြုပြီး စိစစ်ကြပ်မတ်ခြင်းသာမက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆင်ပြေ ချောမွေ့စွာလည်ပတ်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးများကို တိုက်တွန်းပြောကြားခဲ့ကြောင်းသိရသည်။




အောင်မျိုးဝင်း(ပြန်/ဆက်)

---

ပြည့်ဝဆီများကို
တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ပါ

# နိုင်ငံရေးကို ညစ်ထေးစေသူများ

**မောင်မောင်ဟိန်း (အင်းတိုင်)**

နိုင်ငံရေးဟုဆိုရာတွင် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသားအားလုံး၏ အရေးကိစ္စများအားလုံးနှင့် ဆက်စပ်လျက်ရှိသည်ဟု ဆိုရမည်ဖြစ်သည်။

**ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်**

နိုင်ငံသားများ တစ်နည်းအားဖြင့် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေးစသည့်ကဏ္ဍစုံကို နိုင်ငံတစ်နိုင်ငံချင်းအလိုက်ဆိုင်ရာ အစိုးရကစီမံခန့်ခွဲပြီး ပြည်သူများက ပါဝင်ဆောင်ရွက်ကြရသည်။ အစိုးရ၏ စီမံခန့်ခွဲမှုညံ့ဖျင်းပါက ပြည်သူများနှင့် သဟဇာတမဖြစ်ဘဲ နိုင်ငံတိုးတက်ရန် များစွာသောအခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံများတွင် အစိုးရတစ်ရပ်ကို ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ကြသည်။ ပြည်သူအများစု၏ ဆန္ဒဖြင့် ရွေးချယ်ရသောကြောင့် ရွေးချယ်ပေးရမည့် ပြည်သူတစ်ဦးချင်းသည် တော်တည့်မှန်ကန်စွာ ရွေးချယ်နိုင်စွမ်းရှိသူများဖြစ်ရန် အထူးလိုအပ်သည်။

**အစိုးရကောင်းတစ်ရပ် ရရှိနိုင်မည်မဟုတ်**

ပါတီနိုင်ငံရေးသမားများ၏ မဲဆွယ်စည်းရုံးစဉ် မစားရဝခမန်း ပြောဆိုစည်းရုံးခြင်းကို အဟုတ်မှတ်ပြီး ဖြစ်နိုင်၊ မဖြစ်နိုင်ကို သုံးသပ်ပိုင်းခြားနိုင်စွမ်းမရှိဘဲ မိမိနိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာသာသနာတို့၏ တန်ဖိုးကို မသိသူများ၊ သူများယောင်လို့ လိုက်ယောင်ကြသူများ၊ စိတ်ဆန္ဒကို ဦးစားပေးကြသူများ၊ ဆွယ်တရားကောင်း၍ ပါသွားသူများ အားကောင်းနေသရွေ့ အစိုးရကောင်းတစ်ရပ် မည်သို့မျှရရှိနိုင်မည် မဟုတ်ပါ။ ဆန္ဒမဲပေးသူ အများစုနှင့်ထိုက်တန်သော အစိုးရတစ်ရပ်သာ ရရှိမည်ဖြစ်သည်။

**နိုင်ငံနှင့်ပြည်သူအတွက်**
**အလွန်အန္တရာယ်ကြီးသူများ**

ပါတီနိုင်ငံရေးလုပ်ဆောင်နေသည့် နိုင်ငံရေးသမားများသည် နိုင်ငံနှင့်ပြည်သူအပေါ် အမှန်တကယ်စေတနာထားသူဖြစ်ပါက အာဏာရရေးတစ်ခုတည်းကို ဦးမတည်ဘဲ မိမိနှင့် မိမိပါတီအာဏာရသည်ဖြစ်စေ မရသည်ဖြစ်စေ ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အာဏာမရရှိသေးသည့်ကာလတွင်လည်း အတိုက်အခံပါတီကောင်းတစ်ရပ် အနေဖြင့် တည်ဆဲအစိုးရ၏ အားနည်းချက်၊ လစ်ဟာချက်များကို ထောက်ပြပြီး ပြည်သူများ၏ အကျိုးစီးပွားအတွက် တောင်းဆိုပေးရမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိမိနှင့်မိမိပါတီ အာဏာရရှိရေးအတွက် တည်ဆဲဥပဒေများကို ချိုးဖောက်ဆောင်ရွက်ခြင်း၊ ဥပဒေကို လိုရာဆွဲပုံဖော်ပြီး အသာစီးရယူခြင်း၊ မတတ်သာ၍ အာဏာမရတော့သည့်အခါ ထိပ်တိုက်ရင်ဆိုင်ပြီး တန်ပြန်တိုက်ခိုက်ခြင်းတို့ ပြုမူဆောင်ရွက်ခြင်းသည် ထောက်ခံသည့် ပြည်သူများကို ချနင်းကာ မရိုးမသားဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းပါပေးထားချက်များဖြင့်သာ ချဉ်းကပ်ကြရမည်ကို သိလျက်နှင့် နိုင်ငံနှင့်ပြည်သူ့အကျိုးကို မကြည့်ဘဲ မိမိနှင့်မိမိပါတီအကျိုးကိုသာ ကြည့်ကြသော နိုင်ငံရေးသမားများသည် နိုင်ငံနှင့်ပြည်သူအတွက် အလွန်အန္တရာယ်ကြီးသူများဖြစ်သည်။

ဦးသန့်၏ ဗမာသစ်နှင့် ပညာသစ်ဆောင်းပါး (ရန်ကုန်ဝိဇ္ဇာစာအုပ်တိုက် ၁၉၄၅) တွင် "တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီသည် အခက်အခဲဆုံးဖြစ်ကြောင်း၊ ခက်လွန်းအားကြီးသောကြောင့် ဒုတိယကမ္ဘာစစ်မဖြစ်မီက ဂျာမနီနှင့် အီတလီနိုင်ငံတို့သည် ဒီမိုကရေစီကိုစွန့်၍ အာဏာရှင်နိုင်ငံများ တည်ထောင်ကြကြောင်း၊ ဒီမိုကရေစီအောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားလုံလောက်အောင် ရှိကြရမည်ဖြစ်ကြောင်း၊ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင်တိုင်းသည် ပညာတတ်ကြရမည်၊ ဆင်ခြင်တုံတရားကို သုံးနိုင်ကြရမည် ဖြစ်ကြောင်း" ဒီမိုကရေစီစနစ်အတွက် ပြည်သူများ၏ လိုအပ်ချက်ကို ပွင့်လင်းမြင်သာစွာ ထောက်ပြရေးသားခဲ့သည်။

**အကျိုးထက်အပြစ်ပိုများ**

နိုင်ငံသားတိုင်းသည် မျိုးချစ်စိတ်ဓာတ်ရှိရန်လိုသည်။ မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ မိမိနိုင်ငံနှင့် မိမိလူမျိုးတိုင်းရင်းသားအားလုံး ကောင်းစားရေးကို မြင်တွေ့ခံစားလိုသောစိတ်ဟု ဆိုချင်ပါသည်။ တိုင်းပြည်နှင့် လူမျိုးကို ဘက်ပေါင်းစုံမှ နှောင့်ယှက်ဖျက်ဆီးပြီး ဒုက္ခမျိုးစုံပေးနေသူများအား ကာကွယ်တွန်းလှန်ခြင်းကို မျိုးချစ်စိတ်ရှိသည့် ပြည်သူများကသာ လုပ်ဆောင်ကြမည်ဖြစ်သည်။ မျိုးချစ်စိတ်ခေါင်းပါးသောသူများသည် အတ္တအကျိုးစီးပွားအတွက် ပုဆိန်ရိုးများအဖြစ် မိမိတိုင်းပြည်နှင့် လူမျိုးကို အကျိုးယုတ်စေမည့်သူများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်ကြသည်။ မျိုးချစ်စိတ်ရှိသော်လည်း ဆင်ခြင်တုံတရားမရှိ၍မရပေ။ ဆင်ခြင်တုံတရားရှိရန် အသိဉာဏ်ပညာဝမ်းစာပြည့်ဝရန်လည်းလိုသည်။ မျိုးချစ်စိတ်တည်းဟူသော လှေကိုပဲ့နှင့်တူသော ဆင်ခြင်တုံတရားနှင့် ထိန်းချုပ်နိုင်မှသာ လိုရာပန်းတိုင်ကို ကောင်းစွာဆိုက်ရောက်နိုင်မည်ဖြစ်သည်။ ယခုခေတ်စားနေသော စကားဖြစ်သည့် မျက်ကန်းမျိုးချစ်စိတ်နှင့် ဆောင်ရွက်ပါက အကျိုးထက်အပြစ်ပိုများမည် ဖြစ်သည်ကိုလည်း သတိချပ်သင့်သည်။

"နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်မဟုတ်၊ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းဖြစ်၏"ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရွှေတိဂုံအလယ်ပစ္စယံ၌ ကျင်းပခဲ့သည့် နိုင်ငံလုံးဆိုင်ရာညီလာခံပြုလုပ်စဉ် ထိုစဉ်က ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက မိန့်ခွန်းပြောကြားခဲ့သည်။

**အကောင်းအဆိုးကို မစွမ်းနိုင်အောင်**
**လုပ်ခြင်းမျှသာဖြစ်**

ယင်းညီလာခံမိန့်ခွန်းတွင် "နိုင်ငံရေးသဘောအမှန်မှာ ကျွန်ုပ်တို့ လူသားတို့နှင့် မတန်မရာ မြင့်မြတ်လွန်းသည်လည်းမဟုတ်၊ နိမ့်ကျလွန်းသည်လည်းမဟုတ်၊ မျက်လှည့်ဗေဒင်လည်းမဟုတ်၊ အဂ္ဂိရတ်လည်းမဟုတ်၊ ကြောက်မက်ဖွယ်ကောင်းသော ကန္တာရခရီးလည်းမဟုတ်၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောစိတ်ဓာတ်ဖြင့် လုပ်သော အရေးကိစ္စလည်းမဟုတ်၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ပေါ်ပေါက်နေသော ဖြစ်ပွားလျက်ရှိသော အခြေပေါ်တွင် မျှော်ခေါ်၍ ဆောင်ရွက်ရမည်ဖြစ်သော အရေးကိစ္စသာလျှင် ဖြစ်ပေ၏။ နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေရသောကိစ္စပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့၏ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှုအစုစုသည် နိုင်ငံရေးပင်ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်နေ၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံစသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ ဤဌာနများ၌ ကျွန်ုပ်တို့သည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးကိုပင် လုပ်နေကြရပေသည်။ လူတိုင်းလူတိုင်း မိမိတို့၏ အခွင့်အရေးကို ရယူလိုခြင်းသည် နိုင်ငံရေးပင်ဖြစ်၏။ လွတ်လပ်မှု ရယူလိုမှုသည်ပင်လျှင် နိုင်ငံရေးဖြစ်၏။ နိုင်ငံရေးကို ဘာသာတရားဖြစ်သကဲ့သို့ ပြောဆိုကြသောသူများမှာ ယုတ်မာညစ်ထေးသော နိုင်ငံရေးသမားများပင်လျှင် ဖြစ်ပေ၏။ ထိုသူတို့၏ ရည်ရွယ်ချက်မှာ ဤကဲ့သို့ ကြီးကြီးကျယ်ကျယ် လီဆယ်၍ ပြောခြင်းအားဖြင့် ပြည်သူတို့၏ စိတ်ကိုရှုပ်ထွေးစေ၍ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ခြင်းငှာ မစွမ်းနိုင်အောင် လုပ်ခြင်းမျှသာဖြစ်၏။ အမှန်မှာ ထိုသူတို့ပြုလုပ်မှုသည် နိုင်ငံရေးမဟုတ်၊ မိမိတို့ အကောက်ဉာဏ်ကို သုံး၍ မိမိတို့ကြီးပွားရေး တစ်နပ်စားနိုင်ငံရေးပင်ဖြစ်ပေ၏"ဟု ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးနှင့် ပတ်သက်၍ ပြည်သူသို့ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်ကို မှတ်သားခဲ့ဖူးပါသည်။

**အာဏာဟူသမျှ ဖီဆန်**

ဒီမိုကရေစီ၏အနှစ်သာရတစ်ရပ်မှာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိခြင်းပင်ဖြစ်သည်။ ငါနှင့်မတူ ငါ့ရန်သူဟူသော အယူအဆ ဝါဒမှိုင်းသွတ်သွင်းသူများသည် မရိုးမဖြောင့်သော အတ္တဝါဒီ စွဲကိုင်ကြသူများဖြစ်ပေသည်။ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ မိမိအာဏာမရလျှင် အာဏာဟူသမျှ ဖီဆန်ကြရန် တိုက်တွန်းပြောဆို စည်းရုံးခြင်းပြုသူများသည် နိုင်ငံရေးအရေခြုံပြီး ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို အသုံးချကာ ပြည်သူအပေါ် စေတနာမှန် မရှိကြသူများပင်ဖြစ်သည်။ တည်ဆဲအစိုးရနှင့် ပြည်သူအကြား ထိပ်တိုက်ရင်ဆိုင်နေကြပါက အစိုးရလည်း အစိုးရအလုပ် မလုပ်နိုင်၊ ပြည်သူလည်း ပြည်သူအလုပ်မလုပ်နိုင်ဘဲ တိုင်းပြည်ပျက်စီးယိုယွင်းမည်ကို သိလျက်နှင့် မရိုးမဖြောင့်သော အကြံအစည်ဖြင့် ကိုယ်ကျိုးစီးပွားကိုသာ ဦးတည်လုပ်ဆောင်နေသော ညစ်ထေးသည့် နိုင်ငံရေးသမားများ ရှိနေသည်ကို အထူးသတိထားကြရပေမည်။ နိုင်ငံရေးကို ညစ်ထေးစေသော နိုင်ငံရေးသမားများကို ပြည်သူများက ဆင်ခြင်တုံတရားဖြင့် သတိထားကြဉ်ဖယ်ကြရမည်ဖြစ်သည်။ ထိုသို့ ဆင်ခြင်တုံတရားထားရှိနိုင်ရေး ပြည်သူများအနေဖြင့် နိုင်ငံရေးရေချိန် မြင့်မားရန် လေ့လာဆည်းပူးကြရပေမည်။ နိုင်ငံရေးသည် နိုင်ငံသားအားလုံး၏ အရေးကိစ္စတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံရေးနှင့် ကင်းကွာ၍မရကြောင်း သတိချပ်သင့်ပေသည်။ သို့မှသာ နိုင်ငံရေးကို ညစ်ထေးစေသူများ၏ ဘေးဆိုးမှ လွတ်ကင်းနိုင်မည်ဖြစ်သည်။ ဆန္ဒမဲပိုင်ရှင်ပြည်သူများ၏ အသိပညာနှင့် ဆင်ခြင်တုံ တရားပြည့်ဝစွာဖြင့် ဆန္ဒပြုရွေးချယ်နိုင်မှသာ ဒီမိုကရေစီအနှစ်သာရ ပြည့်ဝသော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ပေသည်။ ။

**"ပါတီနိုင်ငံရေးလုပ်ဆောင်နေသည့် နိုင်ငံရေးသမားများသည် နိုင်ငံနှင့် ပြည်သူအပေါ် အမှန်တကယ်စေတနာထားသူဖြစ်ပါက အာဏာရရေး တစ်ခုတည်းကို ဦးမတည်ဘဲ မိမိနှင့် မိမိပါတီ အာဏာရသည်ဖြစ်စေ မရသည်ဖြစ်စေ ပြည်သူများ၏ အကျိုးစီးပွားကို ဦးတည်ဆောင်ရွက် ကြရမည်ဖြစ်သည်"**

**"ဒီမိုကရေစီ၏အနှစ်သာရတစ်ရပ်မှာ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိခြင်းပင်ဖြစ်သည်။ ငါနှင့်မတူ ငါ့ရန်သူဟူသော အယူအဆ ဝါဒမှိုင်းသွတ်သွင်းသူများသည် မရိုးမဖြောင့်သော အတ္တဝါဒီ စွဲကိုင်ကြသူများ ဖြစ်ပေသည်။ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ဦးတည်ဆောင်ရွက်ခြင်းမပြုဘဲ မိမိအာဏာမရလျှင် အာဏာ ဟူသမျှ ဖီဆန်ကြရန် တိုက်တွန်းပြောဆိုစည်းရုံးခြင်းပြုသူများသည် နိုင်ငံရေးအရေခြုံပြီး ပြည်သူလူထု၏ ထောက်ခံအားပေးမှုကို အသုံးချကာ ပြည်သူအပေါ် စေတနာမှန်မရှိကြသူများပင်ဖြစ်သည်"**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်




**နေပြည်တော် ဇူလိုင် ၂၉**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းကို ယနေ့တွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၌ ကျင်းပကြရာ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်သည်များ၊ ကျောင်းသား ကျောင်းသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ထူးချွန်ဆုရ စစ်သည်များ၊ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကသို့ ရောင်းချထားသော နိုင်ငံပိုင်ရုပ်ရှင်ရုံများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၂၉**

ပုဂ္ဂလိကသို့ ရောင်းချထားသော နိုင်ငံပိုင်ရုပ်ရှင်ရုံများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုပ်ရှင်ရုံနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်နေသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပုဂ္ဂလိကသို့ ရောင်းချခဲ့ပြီး နိုင်ငံပိုင် ရုပ်ရှင်ရုံများအနက် ရောင်းချစဉ်က စာချုပ်ပါ စည်းကမ်းအတိုင်း ရုပ်ရှင်ပြသရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်း မရှိသည့် ရုပ်ရှင်ရုံ ဝယ်ယူထားသူများအား ရုပ်ရှင်ရုံဆောက်လုပ်ပြသနိုင်ရေး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်စေလိုပါကြောင်း၊ စီးပွားရေး အခက်အခဲကြောင့် ရိုးရိုးသားသား ပျက်ကွက်သူများရှိသကဲ့သို့ ရုပ်ရှင်ရုံနေရာများကို အခြားစီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနေကြပြီး ရုပ်ရှင်ပြသခြင်း မရှိသူများလည်းရှိနေပါကြောင်း၊ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဥပဒေအရ ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မြေပြင်တွင် ရုပ်ရှင်ရုံများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ထားခြင်း မရှိမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စက်ရုံများမှ စက်ရုံမှူးများနှင့် အရာထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းအောင် ကြပ်မတ်စစ်ဆေးလုပ်ဆောင်ကြရန်၊ စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပျောက်ဆုံးပျက်စီးမှုမရှိစေရေးနှင့် စက်ရုံလုံခြုံရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

**သတင်းစဉ်**

# လှိုင်ကော်မြို့၌ တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်း

**လှိုင်ကော် ဇူလိုင် ၂၉**

၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်အကောင်အထည်ဖော်မည့် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက လှိုင်ကော်မြို့ ကယားပြည်နယ်တရားလွှတ်တော်ရှိ ရွှေကိန္နရီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်သန်းသန်းအေးက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ကယားပြည်နယ် တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးအရာရှိ ဦးဇင်လင်းသန့်က တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေး အရာရှိက ပြန်လည်ရှင်းလင်းပြောကြားသည်။




အဆိုပါ အခမ်းအနားသို့ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူး၊ ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ်တရားရုံးများမှ တရားရေးအရာရှိများနှင့် တရားသူကြီးများ၊ တရားလွှတ်တော်ရှေ့နေများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**

# လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မြို့မရဲစခန်းနှင့် မလိဝမ်းရဲကင်းစခန်းမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သစ်လွင်ထူးနှင့်အဖွဲ့ဝင်များက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက လည်းကောင်း အသီးသီးသွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ပဲ၊ ဆား အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန်ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၂၉

**အစိုးရ၏ ပညာရေးစနစ်ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။**

၎င်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM ၊ လက်ထောက် မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ) နှင့် သန့်စင်ထိုက် (CDM ၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေး ပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ စာရင်းကို အသေးစိတ်ရရှိပြီး ဖြစ်သည်။

Kaung For You တရားမဝင် ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့် လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့် အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည် ဆက်သွယ်လာမှုများရှိသည်။ ထိုကဲ့သို့ သတင်းပို့ ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည် ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❑ *ကျောဖုံးမှ*

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၇-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၆၅ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၀ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၀ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၈ | ၁၇၉၆ |
| 95 Ron | ၁၇၉၃ | ၁၈၆၂ |
| HSD (500 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ်၌ ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် သုံးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိ

**ဂျကာတာ ဇူလိုင် ၂၉**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ်၌ ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် သုံးဦးသေဆုံးပြီး လေးဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်နေကြောင်း ပြည်နယ်သဘာဝဘေး အန္တရာယ်အေဂျင်စီမှ အဆင့်မြင့်အရာရှိတစ်ဦးက ဇူလိုင် ၂၉ ရက်က ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ပြီး ပါရီဂီမိုတွန်ဒေသ တိုရူရွာရှိ နေအိမ်များ ရေမြုပ်ခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီ လုပ်ငန်းဆောင်ရွက်ရေး အဖွဲ့ခေါင်းဆောင် အီဒရမ် အမ်တီ လိုပိက ပြောသည်။

မိမိတို့ရွာတွင် ဇူလိုင် ၂၈ ရက်ညက ရေများ ရုတ်တရက်ကြီးလာပြီး အိမ်များနှင့် အဆောက်အအုံများအားလုံး ရေလွှမ်းမိုးနစ်မြုပ်ခဲ့ကြောင်း ၎င်းက ပြောသည်။

ရေဘေးသင့်ဒေသများအားလုံးကို စစ်ဆေးပြီးနောက် ရေကြီးနစ်မြုပ်မှုကြောင့် လူသုံးဦးသေဆုံးကြောင်းနှင့် လေးဦးပျောက်ဆုံးနေကြောင်း၊ ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်ရေး အရာရှိများက ဆက်လက်ရှာဖွေလျက်ရှိကြောင်း ၎င်းက ပြောသည်။

အိမ်များအားလုံးပေါ်သို့ တစ်မီတာအထိ ရေလွှမ်းနစ်မြုပ်ခဲ့သောကြောင့် ဒေသခံများသည် ကုန်းမြင့်များရှိ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစခန်းများသို့ သွားရောက်ခိုလှုံခဲ့ရကြောင်း၊ ကယ်ဆယ်ရေးစခန်းများနှင့် ထောက်ပံ့ပို့ဆောင်ရေး စခန်းများကိုသဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအတွက် ဖွင့်လှစ်ထားကြောင်း ၎င်းကဆက်လက်ပြောကြားသည်။




ဆင်ဟွာ

# အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးကွဲ BA .5 ကို ကာကွယ်တိုက်ဖျက်ရန် ဂျပန်အစိုးရ ခရိုင်များကို လုပ်ပိုင်ခွင့်ပေးမည့်စနစ်တစ်ခု ဖန်တီးပေး

**တိုကျို ဇူလိုင် ၂၉**

ဂျပန်အစိုးရသည် အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးကွဲ BA.5 ကို ကာကွယ်တိုက်ဖျက်နိုင်ရန် ခရိုင်များကို လုပ်ပိုင်ခွင့်ပေးမည့် စနစ်တစ်ခု ဖန်တီးပေးရန် ဇူလိုင် ၂၉ ရက်က ဆုံးဖြတ်ခဲ့သည်။

ခရိုင်အစိုးရများကို ၎င်းတို့၏ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ၌ ဝန်ပိလာသောအချိန်တွင် ကြေညာချက်ထုတ်ပြန်ရန် ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

ကြေညာချက် ထုတ်ပြန်ပြီးနောက် ခရိုင်အစိုးရများက ဒေသခံများကို ကိုဗစ်-၁၉ ကာကွယ်ရေးဆောင်ရွက်ချက်များနှင့်အတူ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ဆောလျင်စွာခံယူရန် တိုက်တွန်းလိမ့်မည်ဖြစ်သလို အဝေးမှ အလုပ်လုပ်ရန် အခြေအနေများကို အားပေးကူညီလိမ့်မည်ဖြစ်သည်။

ထို့ပြင် အသက်အရွယ်ကြီးရင့်သူ နိုင်ငံသားများနှင့် ရောဂါအခံရှိသူများကို လူထူထပ်ရာနေရာဒေသများကို သွားရောက်ခြင်းမှ ရှောင်ရှားရန် တိုက်တွန်းပေးလိမ့်မည်ဖြစ်သည်။

ဗဟိုအစိုးရသည် ကိုဗစ်-၁၉ ဆန့်ကျင် ကာကွယ်ရေးအတွက် ခရိုင်အစိုးရများကို ထောက်ပံ့ကူညီပေးမည်ဖြစ်သည်။




အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးကွဲ BA.5 ကို ဆန့်ကျင်ကာကွယ်ရန် ဂျပန်အစိုးရက ခရိုင်အစိုးရများကို လုပ်ပိုင်ခွင့် ပိုမိုပေးအပ်သွားရန် ဆွေးနွေးနေစဉ်။

အင်န်အိတ်ချ်ကေ

# ဘင်္ဂလားဒေ့ရှ်၌ ခရီးသွားမီနီဘတ်စ်ကားကို ရထားဝင်တိုက်မှုကြောင့် ၁၁ ဦးထက်မနည်းသေဆုံး

**ဒါကာ ဇူလိုင် ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း ရထားလမ်းဖြတ်တစ်ခုတွင် ခရီးသွားမီနီဘတ်စ်ကားတစ်စီးကို ရထားတစ်စင်းက ဝင်ရောက်တိုက်မိခဲ့ရာ ၁၁ ဦးထက်မနည်း သေဆုံးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ အရှေ့တောင်ပိုင်း ၂၄၂ ကီလိုမီတာဝေးသော ချက်တိုဂရမ်ဒေသတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့သော အဆိုပါ မတော်တဆမှုတွင် လူသုံးဦးထက်မနည်း အပြင်းအထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။

ဒါကာမြို့မှ ချက်တိုဂရမ်သို့ ပြေးဆွဲနေသော ယင်းရထားသည် ရထားလမ်းဖြတ်တစ်ခုတွင် ခရီးသည် မီနီဘတ်စ်ကားကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

မတော်တဆမှုကြောင့် ၁၁ ဦး သေဆုံးခဲ့ရာ သေဆုံးခဲ့သူများတွင် မီနီဘတ်စ်ကားမောင်းသမားလည်း ပါဝင်ခဲ့ကြောင်း ရဲအရာရှိက ဆက်လက်ပြောကြားသည်။ သေဆုံးသူများအားလုံးမှာ ချက်တိုဂရမ်ဒေသ မာရှာရီရှိ ခွိုင်ရာချိုရာ ရေတံခွန်သို့ လာရောက်သည့် ဧည့်သည်ခရီးသွားများ ဖြစ်ကြသည်။

မီနီဘတ်စ်သည် ရထားလာနေကြောင်း အချက်ပြမှုကို သတိမမူဘဲ ရထားလမ်းပေါ်သို့ တက်လာခဲ့သောကြောင့် ယခုလို မတော်တဆမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း ရထားအရာရှိတစ်ဦးက ပြောသည်။



ရထားက မီနီဘတ်စ်ကို ဝင်ရောက်တိုက်မိစဉ်။

ဆင်ဟွာ

# အိန္ဒိယ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု နှစ်ရက်ဆက်တိုက် ၂၀၀၀၀ ထက်ကျော်ရှိ

**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ဇူလိုင် ၂၉ ရက်အထိ နှစ်ရက်ဆက်တိုက် ၂၀၀၀၀ အထက် ရှိလာခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ပြောသည်။

ဇူလိုင် ၂၉ ရက်က ထုတ်ပြန်ကြေညာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၄၀၉ ဦးရှိမှုနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၉၇၉၇၃၀ ဦး ရှိလာခဲ့သည်။

ဇူလိုင် ၂၉ ရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းသည် ဇူလိုင် ၂၈ ရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းထက် အနည်းငယ်ကျဆင်းလာခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၈၄၇ သန်းကျော်လွန်ခဲ့ပြီဖြစ်သည်။ လတ်တလောတွင် အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ အပိုဆောင်းကာကွယ်ဆေးများထိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ ပထမဆုံး မျောက်ကျောက်ဗိုင်းရပ်စ် ခြေရာခံတွေ့ရှိ

**မနီလာ ဇူလိုင် ၂၉**

ဖိလစ်ပိုင်နိုင်ငံသည် ပထမဆုံး မျောက်ကျောက်ဗိုင်းရပ်စ်ကို ခြေရာခံ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၉ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာနအကြီးအကဲဖြစ်သူ ဗီဗာလီလော်ရီန်းဟိုက အဆိုပါဗိုင်းရပ်စ်ကူးစက်သူကို ဇူလိုင် ၁၉ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာသော အသက် ၃၁ နှစ်အရွယ်ရှိလူတစ်ဦးတွင် တွေ့ရှိခဲ့ကြောင်း ပြောသည်။

အာဏာပိုင်များက လူနာမည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်းမပြုခဲ့ပေ။ လူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူ ၁၀ ဦးကို သီးသန့်ကန့်သတ်စောင့်ကြည့်လျက်ရှိသည်။ မျောက်ကျောက်သံသယရှိသူများနှင့် လိင်ဆက်ဆံခြင်းမပြုဘဲ ရှောင်ကြဉ်ရန် ကျန်းမာရေးဌာနက ပြည်သူများကို အကြံပေးထားသည်။ ပြည်သူများကို လက်မကြာခဏဆေးရန်နှင့် ပါးစပ်နှာခေါင်းစည်းတပ်ဆင်ရန်၊ ချောင်းဆိုးပါက တံတောင်ဆစ်ကွေးကို အသုံးပြုရန်နှင့် လေဝင်လေထွက်ကောင်းအောင် လုပ်ဆောင်ရန်လည်း အကြံပြုထားသည်။

ဆင်ဟွာ

## အပူပိုင်းမုန်တိုင်း ဆွန်ဒါ ဂျပန်နိုင်ငံတောင်ပိုင်းသို့ ဦးတည်

**တိုကျို ဇူလိုင် ၂၉**

ဂျပန်မိုးလေဝသအရာရှိများက အပူပိုင်းမုန်တိုင်း ဆွန်ဒါသည် ဂျပန်နိုင်ငံ တောင်ပိုင်းကာဂိုရှီးမားခရိုင် အာမာမီဒေသသို့ တဖြည်းဖြည်း ချဉ်းကပ်လာနေပြီဖြစ်ကြောင်း ဇူလိုင် ၂၉ ရက်ညက ကြေညာချက် ထုတ်ပြန်လိုက်သည်။ မုန်တိုင်းနှင့် လေနွေးများကြောင့် ကျူရှူနှင့် ရှီကိုကုဒေသရှိ နေရာအချို့တွင် ဇူလိုင် ၃၀ ရက်အထိ တစ်နာရီလျှင် ၅၀ မီလီမီတာအထိ မိုးရွာသွန်းနိုင်ကြောင်း မိုးလေဝသအရာရှိများက ခန့်မှန်းခဲ့ကြသည်။

မိုးရွာသွန်းမှုသည် ညဘက်တွင် ပိုသည်းနိုင်ကြောင်း၊ ချောက်ကမ်းပါး၊ မြစ်ချောင်းနှင့် မြေနိမ့်ဒေသများတွင် နေထိုင်သူများသည် ဘေးအန္တရာယ်ကင်းဝေးရေး သက်ဆိုင်ရာက ထုတ်ပြန်သော အကြံပြုချက်များကို ဂရုပြုနေထိုင်ရန် အရာရှိများက တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ် သံတွဲမြို့နယ် အမှတ်(၃)ရပ်ကွက်နေ အောင်ကျော်ဇင်သည် ၎င်းအသုံးပြုသည့် "Htout Phone" Facebook အကောင့်၊ ကျောက်ဖြူမြို့နယ် စံပါယ်ချောင်းကျေးရွာနေ တင်မျိုးထွန်း(ခ)ဒူးရှည်သည် ၎င်းအသုံးပြုသည့် "Tin Myo Htun" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် နန်းဦးမြို့သစ်ရပ်ကွက်နေ သိမ့်သီရိထိုက်သည် ၎င်းအသုံးပြုသည့် "Thein Thin Htike" Face-book အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရုံးကြီးရပ်ကွက်နေ သန့်ဇင်ဟိန်း(ခ)အရိုးသည် ၎င်းအသုံးပြုသည့် "A Yoe" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၄၂)ရပ်ကွက်နေ ပြည့်ဖြိုးအောင်(ခ)ဖက်တီးသည် ၎င်းအသုံးပြုသည့် "Fat Tee" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ မင်းသုခ(ခ) အောင်မင်းခန့်သည် ၎င်းအသုံးပြုသည့် "Min Thukha" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။


**သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၃ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သေတ္တာရာကျေးရွာနေ ပုလဲအခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြကျောင်းဆရာဖြစ်သူ ဦးစိုင်းမင်းလတ်(၃၈)နှစ် (ဘ) ဦးဘရွှေသည်



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ခြိမ်းခြောက်စာတွေ့ရှိမှု။

၎င်း၏ နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဦးစိုင်းမင်းလတ်အား သေနတ်၊ ဓားများဖြင့် ဝိုင်းဝန်းပစ်ခတ် ထိုးခုတ်ခဲ့သဖြင့် ဦးစိုင်းမင်းလတ်တွင် သေနတ်၊ ဓား ဒဏ်ရာများရရှိခဲ့၍ ဆေးဝါးကုသနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံး၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ရုံးပြတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကညွန့်ရပ်ကွက် မြေတိုက်ကျောင်းလမ်းရှိ ကညွန့်အခြေခံပညာ မူလတန်းကျောင်းရှေ့ လမ်းပေါ်၌လည်းကောင်း၊ ထားဝယ်မြို့နယ် ဟိန္ဒားကျေးရွာနေ ဦးကြည်ထွန်း (၅၀)နှစ် (ဘ) ဦးထွန်းကြည်နှင့် တစ်ရွာတည်းနေ အလယ်တန်းပြကျောင်းဆရာမဖြစ်သူ ဒေါ်နီနီဆင့်တို့၏ နေအိမ်ရှေ့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် တွင်းများကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ကျောင်းရုံးခန်း ဝင်ပေါက်တံခါးမကြီး၏ အောက်ခြေအခင်းပေါ်၌လည်းကောင်း ခြိမ်းခြောက်စာများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ခြိမ်းခြောက်စာသားများ ရေးသားထားသည့် စာစောင်များ တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်းနှင့် အနီးပတ်ဝန်းကျင်တို့၌ မိုင်းရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အမှတ် (၁၀) ရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းဝင်းနေ အထက်တန်းပြဆရာမဖြစ်သူ ဒေါ်ဝါဝါရွှေ (၄၀)နှစ် (ဘ)ဦးလှရွှေကို PDF အမည်ခံ အကြမ်းဖက်သူ အမျိုးသား တစ်ဦးက ဖုန်းဖြင့်ဆက်သွယ်၍ ခြိမ်းခြောက်ခြင်းနှင့် ငွေတောင်းခံခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများ ရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ တီမော၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(ဂ)တွင် ဩစတြေးလျ၊ မြန်မာ၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့ ပါဝင်နေသည်။

ပြိုင်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် အုပ်စု (က) နှင့် (ဂ)မှ ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးတစ်သင်းမှာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဩဂုတ် ၂ ရက်တွင် ဩစတြေးလျ အသင်း၊ ဩဂုတ် ၅ ရက်တွင် မလေးရှားအသင်း၊ ဩဂုတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲအတွက် မေလကတည်းက လေ့ကျင့်ပြင်ဆင်ခဲ့ပြီး နည်းပြချုပ်အဖြစ် ဦးအောင်ဇော်မျိုးက ကိုင်တွယ်လျက်ရှိသည်။

**ကိုညီလေး**

**ဓာတ်ပုံ - သော်လေး**

---

# MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၆) ယနေ့ စတင်မည်

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ကို ဇူလိုင် ၃၀ ရက် (ယနေ့) မှ ဩဂုတ် ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၆) အဖြစ် ဇူလိုင် ၃၀ ရက် (ယနေ့) တွင် GFA အသင်းနှင့် ရှေဝတီအသင်း၊ ဇူလိုင် ၃၁ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်အသင်း၊ ဩဂုတ် ၁ ရက်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ ဩဂုတ် ၃ ရက်တွင် မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ ဩဂုတ် ၄ ရက်တွင် မြဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၅) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲနိုင် ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရန်ကုန်အသင်းက လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ် ၁၂ မှတ်၊ ရှေဝတီအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၀ မှတ်၊ မြဝတီအသင်းက သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် ကိုးမှတ်၊ ဟံသာဝတီ ရတနာပုံနှင့် အား/ကာသိပ္ပံအသင်းက နှစ်ပွဲနိုင် တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ခုနစ်မှတ်စီ၊ မဟာယူနိုက်တက်နှင့် GFA အသင်းက တစ်ပွဲနိုင်၊ လေးပွဲရှုံး ရမှတ် သုံးမှတ်စီရရှိထားကာ ရခိုင်အသင်းမှာမူ ငါးပွဲရှုံးပြီး အမှတ်မရရှိသေးပေ။

ယခုတစ်ပတ်ပွဲစဉ်များတွင် အကြိတ်အနယ်ရှိမည့် ပွဲကောင်းများအဖြစ် အား/ကာသိပ္ပံနှင့် ရန်ကုန်၊ မြဝတီနှင့် ဟံသာဝတီတို့ ထိပ်တိုက်တွေ့ဆုံမည့်ပွဲကောင်းများ ပါဝင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် တတိယနေရာမှ ရှေဝတီအသင်းတို့မှာမူ ဇယားအောက်ပိုင်းမှ အသင်းများနှင့် တွေ့ဆုံနေသဖြင့် အမှတ်ပြည့်ရယူနိုင်ဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ရာနှုန်းပြည့်နိုင်ပွဲရထားပြီး ဇယားအောက်ဆုံးမှ ရခိုင်အသင်းနှင့် တွေ့ဆုံနေသဖြင့် နိုင်ပွဲထပ်မံရယူနိုင်ဖွယ်ရှိနေသည်။

**ရဲရင့်လွင်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၉**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဇူလိုင် ၂၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၄၆ ရာခိုင်နှုန်းရှိ

**(၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၂၅,၄၂၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၀၄၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ ခြောက်ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၈၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၆) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၃) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၀) ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၀၃) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၉) ခု | – |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၈၂၁) ခု | (၂၈)ဦး |
| စုစုပေါင်း | (၇,၄၃၂) ခု | (၃၄)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၃၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၄၁၄၁ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၂၃၄၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ဒေသခံပြည်သူ ၂၆၂၉၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း



ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၇၆၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၁၀၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၇၂၈၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်၌ အသက် (၁၈) နှစ်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့်ပြီးစီး

**မော်လမြိုင် ဇူလိုင် ၂၉**

မွန်ပြည်နယ်၌ ၂၀၂၂ ခုနှစ် ဧပြီလကုန်တွင် ၁၀၀ ရာခိုင်နှုန်းကျော် ထိုးနှံပေးရမည့် အသက် (၁၈) နှစ်အထက် ပြည်သူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မွန်ပြည်နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

မွန်ပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားသည်ထက်မြင့်မားနိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ပြည်သူများကို မြို့နယ်များအလိုက် ရနိုင်သမျှစုစည်းပြီး ဆေးထိုးနှံပေးခြင်း၊ ပြည်ပသို့တရားဝင်၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် ပြည်သူများကို ပြန်လာသည့်အချိန်တွင် ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ဩဂုတ် ၁၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် ကိုဗစ်–၁၉ ကာကွယ်ဆေး (Covidshield ) များကို ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ အပြည့်အဝ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် Booster Does ထိုးနှံပြီးစီးမှုအနေဖြင့် ဇူလိုင် ၂၇ ရက်အထိ နှစ်သိန်းခွဲကျော် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများကို ယာဉ်အန္တရာယ်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ ထိုးနှံနိုင်ရန်အတွက် ဆေးထိုးစုရပ်များ၊ ကျောင်းပတ်ဝန်းကျင်များ၌ ယာဉ်ထိန်းတပ်ဖွဲ့၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်း**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

NUG အမည်ခံအကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်ဟုအမည်ခံထားသည့် အချို့လူများက လူမြင်ကောင်းအောင် တောထဲမှအကြမ်းဖက်များ ထံသွား၍ ဓာတ်ပုံရိုက်၊ လိုင်းပေါ်တင်ပြီး တော်လှန်ရေးနှင့်အတူ၊ PDF များနှင့်အတူ၊ ပြည်သူများနှင့်အတူဟုဆိုပြီး ဟိုကြည့်၊ ဒီကြည့်လုပ်သက်သေပြရန်ကိုမူ လူတိုင်းလုပ်တတ်ကြောင်း၊ မနက်ပိုင်းတစ်ပိုင်းခန့် အချိန်ပေးလိုက်လျှင်ပင်ရကြောင်း၊ ၎င်းတို့၏ သား၊ သမီးများ ထဲမှ PDF များနှင့်အတူ တာဝန်ထမ်းဆောင်နေသူ တစ်ယောက်မှမရှိကြောင်း၊ အကုန်နိုင်ငံခြားရောက်နေကြသည်ဟု မျှော်လင့်ပါကြောင်း၊ အေးချမ်းသည့်နေရာရောက်နေကြကြောင်း၊ လူငယ်များကိုအားပေးထောက်ပံ့သည်ဟု အမည်ခံ၍ မြှောက်ပင့်ပေးနေကြောင်း၊ လူငယ်များ၏အနာဂတ်ကို အသိမှားများနှင့်ဖုံးအုပ်ပြီး ရိုက်ချိုးနေခြင်းဖြစ်ကြောင်း၊ အရေးမပါသည့်ခံယူချက်အမှားများကြောင့် လူငယ်များ မသေသင့်ဘဲ သေနေရသည်ကို တွေ့ရကြောင်း၊ လူငယ်များကို တစ်ခုပြောလိုကြောင်း၊ စဉ်းစားရန်၊ ဆုံးဖြတ်ရန်၊ တွေးတောဆင်ခြင်နိုင်သည့်၊ ချင့်ချိန်မျှော်တွေးနိုင်သည့် ဉာဏ်များရှိကြရန် မေတ္တာရပ်ခံလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူငယ်များကို သဘောထားကြီးစွာနှင့် ပြန်လည်လက်ခံပေးနေသည့် အချိန်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံခဲ့ရာတွင် ယခုအချိန်အထိ PDF လူငယ် ၂၅၀ ခန့်ကို လက်ခံပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ပြန်လည်လက်ခံရာတွင် ၂၃၀ တရားဝင်ပြန်လည်ဝင်ရောက်လာပြီးဖြစ်ကြောင်း၊ ၂၅၀ ဟုဆိုရာတွင် နောက်ထပ်ဝင်ရောက်လာသူများကို မိမိတို့စစ်ဆေးနေသည့်သူများ ရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အချို့သော မီဒီယာများကလည်း အမျိုးမျိုးရေးသားနေကြကြောင်း၊ ၎င်းတို့ကို တစ်ဖက်အဖွဲ့ အစည်းများက ရေးသားခိုင်းသဖြင့် ရေးနေကြခြင်းဖြစ်ကြောင်း၊ ယခုပြန်လည်ဝင်ရောက်လာသူများမှာ PDF များမဟုတ်ဘဲ အတုများဖြစ်သည်ဟု ရေးကြကြောင်း၊ ထို့ကြောင့် Video File တစ်ဖိုင်ကို ပြသမည်ဖြစ်ကြောင်း၊ ထို Video File တွင် ပါဝင်သည့်ပုဂ္ဂိုလ်မှာ မကြာမီရက်ပိုင်းအတွင်းက PDF အဖွဲ့မှ အလင်းဝင်ရောက်လာသည့် ငပုတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်ကြောင်း၊ ၎င်း၏နာမည်မှာ သက်ပိုင်ဇင်ဖြစ်ကြောင်း၊ ဇူလိုင် ၂၁ ရက်တွင် ပြန်လည်အလင်းဝင်ရောက်ခဲ့သူဖြစ်ကြောင်း ပြောကြား၍ Video File ကို ပြသသည်။

### ကျယ်ကျယ်ပြန့်ပြန့်လက်ခံ

ယခုပြသသည့် ပုံကိုကြည့်ပါက အမှန်တကယ် ဟုတ်၊ မဟုတ် သိနိုင်မည်ဖြစ်ကြောင်း၊ အချို့လူငယ်များကိုပြလျှင် မဟုတ်ဘူးဟု ငြင်းချက်ထုတ်ကြဦးမည်ဖြစ်ကြောင်း၊ ၎င်းသည် ငပုတောမြို့နယ် NLD တိုင်းဒေသကြီး(၂) ကိုယ်စားလှယ်ဟောင်းဖြစ်ကြောင်း၊ ကိုသက်ပိုင်ဇင် ဖြစ်ကြောင်း၊ ဇူလိုင် ၂၁ ရက်တွင် တောထဲကိုရောက်၍ စစ်သင်တန်းတက်ရောက်ခဲ့သူဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင် ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ စစ်ဆေးမေးမြန်းချက်များအရ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည်ကိုလည်း စစ်ဆေးတွေ့ရှိရကြောင်း၊ မိမိတို့လက်ခံနေသည်ဆိုသည့် ကိစ္စသည် အလိမ်အညာဖြစ်သည်ဟုပြောနေကြသည့် မီဒီယာများကို မည်သည့်အချက်အလက်များကို သက်သေအထောက်အထားပြု၍ အလိမ်အညာများဟု ပြောနေသည်လဲဟု မေးလိုကြောင်း၊ ၎င်းတို့ ထိုသို့ပြောနေကြခြင်းမှာ PDF အကြမ်းဖက်အဖွဲ့များထဲမှ ပြန်လည်ဝင်ရောက်လာသည့် လူငယ်များကို အမှောင်တိုက်ထဲ ပိုရောက်အောင် တွန်းပို့နေသည်ဟုသာ မိမိပြောလိုပါကြောင်း၊ ထိုသို့ ပြန်လည်ဝင်ရောက်ရန်အတွက် အချို့ဆက်သွယ်လိုသော်လည်း အနှောင့်အယှက်များ၊ အခက်အခဲများ၊ ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်၍ သံသယရှိနေမှုများ ရှိနေသည်ကို မိမိတို့ ကြားသိရပါကြောင်း၊ တချို့သော တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် မီဒီယာများနှင့် တချို့သော တိုင်းရင်းသားပြည်သူများက အထက်ပါအခက်အခဲတချို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့်လက်ခံပေးရန် မိမိတို့ကို ပြောကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံကိုလည်း ထိုသတင်းများ ရောက်ပါကြောင်း။




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခြင်း မှတ်တမ်းဓာတ်ပုံ။

ထို့ကြောင့် အစိုးရအနေနှင့် ယခင်က ကြိုဆိုလက်ခံရေးစခန်းများ၊ လုံခြုံရေး အဖွဲ့အစည်းများ၌ လက်ခံရုံတင်မက ယခုဒေသမြို့နယ်ဆိုင်ရာ ကြက်ခြေနီအသင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများ၊ လူမှုဝန်ထမ်းရုံးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် လူမှုကူညီရေးအသင်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်နေကြောင်း၊ တံခါးကျယ်ကျယ် ဖွင့်ထားသဖြင့် ရဲရဲသာ လျှောက်လှမ်းခဲ့ကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်း မိမိတို့၏ ရင်သွေးငယ်များကို စေတနာထားလက်ခံစောင့်ရှောက်လမ်းမှန်ပြပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ယခုလည်း လူငယ်အချို့သည် အသိတရားရသဖြင့် အမှောင်မှ အလင်းကို ကူးပြီး မိဘရင်ခွင်၊ အေးချမ်းခြင်းရင်ခွင်ကို ပြန်လည်ခိုလှုံနေကြပြီဖြစ်ကြောင်း၊ အရှုံးမပေးသရွေ့ ငါတို့နိုင်တယ်ဆိုသည့်မှုကိုသာ လက်ကိုင်ထားပြီး တောထဲ၌ မိမိတို့၏ အနာဂတ်ကို အဆုံးရှုံးခံမလား၊ အသိတရား ကယ်၍ ငါတို့အရင်လို အေးချမ်းမယ်ဆိုသည့်မှုကိုလက်ကိုင်ထားပြီး ကမ်းသည့်လက်ကိုလှမ်းချင်ကြသလားဆိုသည်ကို မှန်ကန်သည့် ရွေးချယ်ဆုံးဖြတ်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### သေသေချာချာ စဉ်းစားရန် မေတ္တာရပ်ခံလို

မိမိတို့ မြန်မာပြည်သူလူထုများသည် အလှူအတန်းရက်ရောကြကြောင်း၊ စေတနာ၊ သဒ္ဓါတရား အလွန်ထွန်းကားကြောင်း၊ လိမ်ညာပြီး အလှူခံလျှင်လည်း လှူလိုက်ကြသည်ကို တွေ့ရကြောင်း၊ လှူဒါန်းမှုတစ်ခု ဒါနမြောက်/ မမြောက်ကိုမူ ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အနီးစပ်ဆုံးဖြစ်စဉ်များကို သိနိုင်ရန်ပြောမည်ဖြစ်ကြောင်း၊ ဇူလိုင် ၁၁ ရက်က ရက်စက်စွာ သတ်ဖြတ်ခံလိုက်ရသည့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ဆရာတော်ဦးကုသလ၏လည်ပင်းကို ဖောက်ဝင်ခဲ့သည့်ကျည်ဆန်၊ မန္တလေး ချမ်းမြသာစည်မြို့နယ်က ဘဏ်ကို ငွေလာထုတ်သည့် အသက် ၂၀ အရွယ် အမျိုးသမီးတစ်ဦးကို သေနတ်နှင့်ပစ်ခဲ့သည့်အတွက် ၎င်း၏ ဝဲချိုင်းအောက်ဖောက်ဝင်ခဲ့ပြီး သေဆုံးစေခဲ့သည့်ကျည်ဆန်၊ ဇူလိုင် ၁၃ ရက်က မြေနီကုန်း ခုံးကျော်တံတားအောက်တွင် အပြစ်မဲ့အမျိုးသမီး တစ်ဦးသေဆုံးပြီး အမျိုးသား၊ အမျိုးသမီး ပေါင်း ၁၀ ဦး ထိခိုက်ဒဏ်ရာရခဲ့ရသည်အထိ ရမ်းသမ်းပစ်ပေါက်ခဲ့သည့် လက်ပစ်ဗုံး သုံးလုံး၊ ကန့်ဘလူမြို့နယ်နှင့် မြိတ်မြို့နယ်တို့တွင် ခရီးသည်တင် မော်တော်ယာဉ်များတွင် လိုက်ပါစီးနင်းခဲ့သည့် အမျိုးသမီးတစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရသည့်အထိ ပေါက်ကွဲခဲ့သည့် လက်လုပ်မိုင်းများသည် ခင်ဗျားတို့၏ ငွေကြေးအလှူများကြောင့် ဝယ်ယူရရှိခဲ့သည်ဆိုလျှင် ခင်ဗျားတို့အလှူအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ကြမည်လားဟု မေးလိုကြောင်း၊ ထိုသုံးများ၊ ဘုံးများကို လှူတိုင်းတောင်းသည့်ဆု အရေးတော်ပုံကြီးသည် အပြစ်မဲ့သူများကို သေကျေပျက်စီးစေပြီး အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသလား၊ လှူလိုက်သည့်အလှူအတွက် စိတ်အေးချမ်းသာအိပ်စက်နိုင်ကြပါမည်လား၊ နဖူးပေါ်ကိုပဲ လက်တင်တင်၊ လက်ပေါ်ပဲ နဖူးတင်တင် သေသေချာချာ စဉ်းစားကြရန် မေတ္တာရပ်ခံလိုကြောင်း ရှင်းလင်းပြောကြားသည်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယခု သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများအနေဖြင့် (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ (ခ)မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယခုသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့် အကြောင်းအရာများအနေဖြင့် (က)ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ (ခ) မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇ အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများဖြစ်လာစေရန်နှင့် ယခင်က မစစ်ဆေးနိုင်ခဲ့သည့် နိုင်ငံရေးပါတီများကို စစ်ဆေးရန်လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၈ တွင်လည်း “ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန် လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။

*စာမျက်နှာ ၁၇ သို့*

❍ **အစိုးရအနေနှင့် ယခင်က ကြိုဆိုလက်ခံရေးစခန်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၌ လက်ခံရုံတင်မက ယခုဒေသ မြို့နယ်ဆိုင်ရာကြက်ခြေနီအသင်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများ၊ လူမှုဝန်ထမ်းရုံးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် လူမှုကူညီရေးအသင်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်နေ၊ တံခါးကျယ်ကျယ် ဖွင့်ထားသဖြင့် ရဲရဲသာ လျှောက်လှမ်းခဲ့ကြပါဟု မေတ္တာရပ်ခံလို**

စာမျက်နှာ ၁၆ မှ

**ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်"**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

### လိုအပ်သည့် စာရင်းဇယားများ စစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီဌာနချုပ် အခြေစိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းမှု၊ ပါတီဝင်အင်အားစာရင်းနှင့် ပါတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှုတို့ကို စစ်ဆေးခြင်း၊ ပါတီဝင်ကြေး၊ လစဉ်ကြေးများ၊ ပြည်တွင်း အလှူရှင်များက လှူဒါန်းသော ငွေကြေး၊ ပစ္စည်းစာရင်းနှင့် ပါတီပိုင်စီးပွားရေးလုပ်ငန်းများအား စစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များ သုံးစွဲခြင်း ရှိ / မရှိ စစ်ဆေးခြင်း၊ ပါတီပိုင်ရန်ပုံငွေ၊ ပါတီပိုင်ပစ္စည်းများနှင့် ပတ်သက်သည့် စာရင်းဇယား၊ မှတ်တမ်းများအား စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်း ရှိ / မရှိ စစ်ဆေးခြင်း၊ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်း ရှိ / မရှိ စစ်ဆေးခြင်း၊ ပါတီ၏ နှစ်စဉ် ငွေစာရင်း ရှင်းတမ်းများကို ဘဏ္ဍာရေးနှစ် အလိုက်ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့် စပ်လျဉ်းပြီး နှစ်ချုပ်စာရင်းပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ်ကော်မတီ ထားရှိစစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းစည်းကမ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ခြင်း ရှိ/ မရှိ စစ်ဆေးခြင်း အပါအဝင် လိုအပ်သည့် စာရင်းဇယားများကို စစ်ဆေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ စစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၄ (က) နှင့်အညီ ၃၀-၆-၂၀၂၂ ရက် မတိုင်မီ လာရောက်အစစ်ဆေးခံရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စာဖြင့် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် သတ်မှတ်ကာလဖြစ်သည့် ဇွန် ၃၀ ရက်တွင် လာရောက်အစစ်ဆေးခံသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် တောင်ကြီးမြို့ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် စစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ စစ်ဆေးပြီးစီးမှုအနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၅၁ ပါတီ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လ တတိယပတ်အထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၃၅ ပါတီရှိသည့်အတွက် စုစုပေါင်းနိုင်ငံရေးပါတီ ၈၆ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်း။

စစ်ဆေးပြီးသည့် နိုင်ငံရေးပါတီ ၈၆ ပါတီအနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့်ငြိမ်းချမ်းရေးပါတီက မိမိသဘောဆန္ဒအလျောက် ပါတီဖျက်သိမ်းခွင့်ပြုပါရန် တင်ပြလာခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီအနက် နိုင်ငံရေးပါတီ ၈၅ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ စစ်ဆေးရန်ကျန်ရှိသည့် နိုင်ငံရေးပါတီ ခုနစ်ပါတီကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ထိုနေရာတွင် အလေးထားပြီးတင်ပြလိုသည်မှာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် ချို့ယွင်းအားနည်းချက်များကို အသေးစိတ်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ်စစ်ဆေးရာတွင် အလားတူ အားနည်းပျက်ကွက်မှုများ တွေ့ရှိရပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်ကို အသိပေးတင်ပြလိုပါကြောင်း။

### အဖွဲ့ဝင်များအနေဖြင့် အနီးကပ် ကြပ်မတ်ဆောင်ရွက်လျက်ရှိ

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင် လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) ဆောင်ရွက်ခြင်းကို ၁၄-၂-၂၀၂၂ ရက်မှစ၍ ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး / ပြည်နယ်အားလုံးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအနေဖြင့် အနီးကပ်လိုက်လံစစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

အထက်ပါ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်အောက်ရှိ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ် လဝကမှ တာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့များနှင့် ပူးပေါင်းစစ်ဆေး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဆောင်ရွက်ပြီး ၂၉၈ မြို့နယ်၊ ဆောင်ရွက်ဆဲ ၁၄ မြို့နယ်နှင့် ဆောင်ရွက်ရန်ကျန် ၁၃ မြို့နယ် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန် ကျန်သည့်မြို့နယ်များအနေဖြင့် ကယားပြည်နယ် နှစ်မြို့နယ်၊ ချင်းပြည်နယ် ခုနစ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လေးမြို့နယ်တို့ဖြစ်ပြီး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ပြည့်စုံမှန်ကန်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်အလိုက် တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သော အခြေခံလူဦးရေစာရင်းများကို ရယူပြီး ကနဦးမဲဆန္ဒရှင်များစိစစ်ခြင်းစနစ် (Initial Voter List Scrutinizer – IVLS Software ) ကို အသုံးပြုစိစစ်လျက်ရှိပါကြောင်း၊ IVLS Software အသုံးပြုနည်းလမ်းညွှန် သင်တန်းများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ စစ်ဆေးရာတွင် တွေ့ရှိရသည့် သေဆုံးသူများအပါအဝင် မြေပြင်အခြေအနေ စာရင်းဇယားများကို သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ပြီး အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်ပြီး ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့မှုကို တင်ပြလိုပါကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားခဲ့ပါကြောင်း၊ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးခင်ရီ၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြပါကြောင်း။

### လုပ်ငန်းစဉ်များ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရမည်ဖြစ်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လွတ်လပ်ပြီးမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့် ရွေးကောက်ပွဲ၊ စာရင်းအတိအကျရှိသော ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးရှိစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မှာကြားခဲ့ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက မဲစာရင်းများ မှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ၊ လူဦးရေစာရင်းကောက်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲစာရင်းမှန်ကန်စွာရရှိရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ကြောင်း။

### အလေးထားဆောင်ရွက်လျက်ရှိ

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်များ၊ ချို့ယွင်းချက်များကို လေ့လာသုံးသပ်ပြီး ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ပြုစုဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲစနစ် အပါအဝင် သိသင့်သိထိုက်သည်များကို ပြည်သူလူထုနှင့် မဲဆန္ဒရှင်များအား အသိပညာပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် လူသားအရင်းအမြစ်များဖြည့်တင်းခြင်း ၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံ အဆောက်အအုံများဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ပေးနိုင်ရေးဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန် ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ် (၁) ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

> ❖ **အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး ပြုစုဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲစနစ် အပါအဝင် သိသင့်သိထိုက်သည်များကို ပြည်သူလူထုနှင့် မဲဆန္ဒရှင်များအား အသိပညာပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် လူသားအရင်းအမြစ်များဖြည့်တင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံ အဆောက်အအုံများဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ပေးနိုင်ရေးဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိ**

*(ဆက်လက်ဖော်ပြပါမည်)*

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ဇူလိုင် ၂၉

၂၀၂၂ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက ရေဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တနင်္သာရီရေတပ်စခန်း ဌာနချုပ်အသင်းတို့အား ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး(ဝဲပုံ) နှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ ကျင်းပကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း ဩစတြေးလျကို နှစ်ဂိုး - တစ်ဂိုးဖြင့် အရေးနိမ့်

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို ဇူလိုင် ၂၉ ရက်က အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ကျင်းပရာ ဩစတြေးလျအသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်သင်းစလုံး ဆီမီးဖိုင်နယ်တက်ရောက်ပြီး ဖြစ်သောကြောင့် ယခုပွဲမှာ အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် အုပ်စု (က) မှ တက်ရောက်လာမည့် ထိုင်း သို့မဟုတ် ဗီယက်နမ်အသင်းနှင့် တွေ့ဆုံမည်ဖြစ်သောကြောင့် မြန်မာအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် အမာခံကစားသမားအများစုကို အနားပေးကာ အမာခံကစားသမား အနည်းငယ်နှင့် အရန်ကစားသမားအများစုကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် အရေးနိမ့်ခဲ့သော်လည်း အရန်ကစားသမား အများစုဖြင့် ကစားပြီး ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ ရှုံးနိမ့်ခဲ့သောကြောင့် ကျေနပ်စရာဖြစ်ခဲ့သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဖြိုးဗေ (ဂိုး)၊ ဖြူဖွေး၊ မိုးပြည့်ပြည့်မောင်၊ နွယ်မိုး၊ ခင်ဌေးကြိုင်၊ နန်းချိုမွေး၊ ခင်စန်းလွင်၊ ထက်ထက်ဝင်း၊ ဝေနှင်းဖြိုး၊ ယဉ်လွန်းအိမ်၊ ဇင်မိုးပြည့်တို့ဖြင့် ပွဲထွက်ခဲ့ပြီး အသင်းခေါင်းဆောင် ဖြူဖြူဝင်း၊ ဆုမြတ်နိုး၊ ဝေဖူးအိမ် စသည့် အမာခံကစားသမားများကို အနားပေးခဲ့သည်။ ပွဲအစသုံးမိနစ်တွင် ဘရောင်းက ဩစတြေးလျအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း မြန်မာအသင်းအနေဖြင့် ကစားကွက်ပျက်မသွားဘဲ ချေပဂိုးရရှိရန် ပြန်လည်ဖိအားပေးနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၂၃ မိနစ်တွင် ဇင်မိုးပြည့်က သွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် ဩစတြေးလျအသင်းက အနိုင်ဂိုးရရှိရန် တိုက်စစ်မြှင့်လာပြီး မြန်မာအသင်းအနေဖြင့် ဂိုးမပေးရရန် အဆင့်ဆင့်ပိတ်ဆို့ကစားခဲ့သည်။ သို့သော် ၆၅ မိနစ်တွင် ဩစတြေးလျအသင်း ဒုတိယဂိုးရခဲ့ပြီး ဂရာဒီက သွင်းယူခဲ့သည်။



မြန်မာနှင့် ဩစတြေးလျ အသင်း ယှဉ်ပြိုင်နေစဉ်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ဩစတြေးလျအသင်းက သုံးပွဲစလုံးအနိုင်ရကာ ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး သုံးမှတ်ရရှိသည့် မလေးရှားအသင်းနှင့် သုံးပွဲစလုံး အရေးနိမ့်ခဲ့သည့် ဖိလစ်ပိုင်အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (က) နောက်ဆုံးနေ့ကို ဇူလိုင် ၃၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် ထိုင်းအသင်းမှာ ရမှတ်ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ထားပြီးဖြစ်သည်။ သို့သော် နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုပြီးဆုံးမှသာ အုပ်စုပထမနေရာအတွက် အဖြေပေါ်မည်ဖြစ်ကြောင်း သိရသည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ-MFF**

# မူဆယ်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ်သိန်း ၄၄၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သိုလှောင်ထားသည့် ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၉

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ်သိန်း ၄၄၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သိုလှောင်ထားသည့် ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် မန့်ဝိန်းနယ်မြေရှိ ဂိုဒေါင်အား သတင်းအရရှာဖွေရာ ဂိုဒေါင်တာဝန်ခံ ကြည်ဇင်ထွန်းကို Toyota Landcruiser Prado မော်တော်ယာဉ်တစ်စီး၊ တရားမဝင် သိုလှောင်ထားသည့် ဓာတုပစ္စည်း သီအိုဖီလင်း အမ်ဟိုက်ဒရိုက် ၁၄ ဒသမ ၅ တန်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ် ၁၃၈ လမ်းနှင့် ၁၃၉ လမ်းကြား၊ ၅၁ လမ်းရှိ ဂိုဒေါင်အား ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေရာ မန်နေဂျာ ဝေလင်း (ခ) ဝေလင်းထွန်းကို တရားမဝင် သိုလှောင်ထားသည့် ဓာတုပစ္စည်း ကောပါးဆာလဖိတ် နှစ်တန် ထိန်းချုပ်ဓာတုပစ္စည်းဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် သုံးတန် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၄၄၀၀ ကျော် တန်ဖိုးရှိ ဓာတုပစ္စည်းဖြစ်သည့် သီအိုဖီလင်း အမ်ဟိုက်ဒရိုက် ၁၄ ဒသမ ၅ တန် ကောပါးဆာလဖိတ် နှစ်တန် ထိန်းချုပ်ဓာတုပစ္စည်း ဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် သုံးတန်တို့ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ကြည်ဇင်ထွန်းနှင့် ဝေလင်း (ခ) ဝေလင်းထွန်းတို့ကို သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# တာချီလိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၉

တာချီလိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ကျောက်လှိုဏ်ဂူကျေးရွာအနီးရှိ လမ်းဘေးတွင် မိုးကာစဖြင့် အုပ်ထားသည့် ဆာလာအိတ် ၄ အိတ်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်၌ စိုင်းခမ်းရှန်(ခ)ဒီဒီး မောင်းနှင်ပြီး မငုရွှေစင်နှင့် ဝင်းနိုင်တို့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေး(Happy Water) သုည ဒသမ ၉၀၉ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တွံတေးမြို့နယ် ကျွဲဒရွတ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၂၇ ရက်က ကျွဲဒရွတ်ချောင်း ရေတွင်းကုန်းကျေးရွာ အနီး၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး ဦးတင့်လွင်နှင့် တာဝန်ရှိသူများက တွံတေးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးခုံးမကြီးကောင်ရေသုံးသိန်း မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော် တပ်ရင်း/တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

**နေပြည်တော် ဇူလိုင် ၂၉**

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit)တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ **(အပေါ်ပုံ)**တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော် အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၇-၂၀၂၂ စနေနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောဖျွံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၄၀ | လျှင်မြန်တိုးချဲ့စီးပွားတက် တိုင်းရင်းကြက်ရဲ့ အားသာချက် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီဆိုသည်မှာ | ၁၈:၃၅ | သုတဝေဖြာသီရိဂေဟာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၀) |
| ၁၀:၃၀ | လူငယ်ရေးရာအစီအစဉ် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၁:၄၅ | တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ | ၂၁:၀၀ | (၃၀)ဖြာပဂံလာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဂါရဝေါစ၊နိဝါတောစ' |
| ၁၃:၃၀ | MRTV National News | ၂၂:၁၅ | ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း |
| ၁၅:၃၅ | Weekly MNL Review | | |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'ခင်မင်စရာကောင်းသူ' | | |
| ၁၆:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | | |
| ၁၇:၂၀ | ရှုလေမြင်လေကမ္ဘာမြေ | | |

### mitv

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:11 Weekly Review
07:27 Wushu Kids & Their Limit (Ep-2)
07:41 Bagan Choral Dance
07:45 Myanmar Family Life: Manners & Etiquette
07:56 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: Dominican Republic Pavilion at Expo 2020 Dubai
09:34 Nga Laik Dam & Nga Laik Kan Tha Eco Resort
09:49 Smart Village in Hopong: Kyauk Tan
10:02 Let's taste "Sabuti"

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖားစည်မြေမှ ရိုးရာအလှ (အပိုင်း-၁)

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကိုယ်တိုင်မိတ်ကပ်လိမ်းခြယ်နည်း(နှုတ်ခမ်းနီ နှင့်မြန်မာ)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ပဲရင်းထောင်းနဲ့ နွားနောက်သားကြော်

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဂဝံယဉ်ကျေးမှု

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
တောင်ယာထမင်းဟင်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
စာနာစိတ်လေးထားစေချင် (ဇာတ်လမ်းတို)

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (မိတ်ဆွေနှင့် ဆွေမျိုးအကြောင်း)

**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဲသောမှ သဲသောသွား

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံဝမ်းမဲ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၄၅ | ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ် |
| ၀၇:၀၀ | ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး |
| ၀၇:၁၀ | ဘိုရှန်ဓာတ်မြေဩဇာထည့်သွင်း တင့်တယ်ကာဝင့်ကြွားနိုင်စေဖို့ |
| ၀၉:၁၅ | ကမ္ဘာ့အလှမြန်မာ့တော်ဝင်သစ်ခွ |
| ၀၈:၄၅ | မြေဩဇာသုံးစွဲနည်းမှန်ကန်ဖို့ မြေဆီအရင်စစ်ဆေးကြည့်ကြပါစို့ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉-၇-၂၀၂၂

### ရွှေ

၂၉-၇-၂၀၂၂ ဈေးနှုန်း

| | | | |
|---|---|---|---|
| ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၂၀၆၈၀၀၀ |
| ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၇၅ ကျပ် | ၂၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၃၀ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၀၅ ကျပ် | ၁၈၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၈၅၅ ကျပ် | ၁၈၉၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၈၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၄၀ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၉၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၈၇ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၅ . ၆၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၄ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၃၂၈ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၂၀၀ | ၇၁၀၀ | ၁၇၀၀ | ၁၂၀၉၃၁၀၀ |
| MTSH | ၂၅၀၀ | ၂၅၀၀ | ၁၄၇၁ | ၃၆၇၅၅၀၀ |
| MCB | ၆၉၀၀ | ၆၉၀၀ | ၂၀ | ၁၃၈၀၀၀ |
| FPB | ၁၇၅၀၀ | ၁၈၀၀၀ | ၉၆ | ၁၆၉၃၅၀၀ |
| TMH | ၂၄၀၀ | ၂၄၅၀ | ၂၈၁ | ၆၇၆၃၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သစ်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ မန်ဂျန်ရှားကို စိုက်ကြစို့

ဟိန်းဇော်လင်း

ယနေ့ကမ္ဘာကြီးသည် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် အကြီးအကျယ် ရင်ဆိုင်နေကြရသည်။ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်သည့်အနေဖြင့် လည်းကောင်း၊ မိမိခြံအတွင်း အရိပ်ရစေလို၍လည်းကောင်း၊ စီးပွားဖြစ် ရင်းနှီးမြှုပ်နှံလို၍ လည်းကောင်း၊ သစ်တောစိုက်ခင်းတည်ထောင်လိုပြီး သစ်အစားထိုးစိုက်ပျိုးကာ အချိန်တိုအတွင်း အကျိုးအမြတ်ဖြစ်ထွန်းလိုလျှင် လည်းကောင်း စိုက်ပျိုးသင့်သည့် သစ်အမျိုးအစားမှာ ဒေသအခေါ် မန်ဂျန်ရှား (Acacia mangium) ဖြစ်ပါသည်။

**မန်ဂျန်ရှားသစ်**

ကြီးထွားနှုန်း အလွန်လျင်မြန်သည့် ဒေသအခေါ် မန်ဂျန်ရှားသစ်အမျိုးအစားသည် မူလနာမည် အော်ကေးရှားမန်ဂျန် (Acacia mangium)ဖြစ်သည်။ ယင်းအပင်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ပေါက်ရောက်လေ့ရှိသော ထနောင်းနွယ်ဝင်အပင်မျိုးဖြစ်ပြီး သစ်မာ (Hard Wood) အမျိုးအစားဖြစ်ကာ မျိုးစိတ်ခွဲပေါင်း ၄၆ မျိုးရှိကြောင်း သိရသည်။

မန်ဂျန်ရှားသစ်သည် ပူအိုက်စွတ်စိုသည့် ရာသီဥတုကို ကြိုက်နှစ်သက်ပြီး အပူချိန်အနည်းဆုံး ၁၆ ဒီဂရီစင်တီဂရိတ်မှ ၄၃ ဒီဂရီစင်တီဂရိတ်အကြားတွင် ရှင်သန်ဖြစ်ထွန်းသည့် သစ်အမျိုးအစားဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းပြီး အအေးလွန်ကဲသည့် ဥရောပဒေသများတွင် အပင်ပေါက်ရောက်နိုင်ခြင်းမရှိပေ။

**စီးပွားဖြစ်စိုက်ပျိုးနေ**

ထိုအပင်၏ ဇာတိမြေသည် နယူးဂီနီနိုင်ငံဖြစ်ပြီး ဩစတြေးလျနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် လက်ရှိအချိန်အထိ အကြီးအကျယ် စီးပွားဖြစ် စိုက်ပျိုးနေကြသည်။ ယင်းနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံ၏ ရာသီဥတုအနေဖြင့် စီးပွားဖြစ်စိုက်ပျိုး၍လည်း ရနိုင်ပြီး လက်ရှိစိုက်ပျိုးနေကြသည့် မန်ဂျန်ရှားစိုက်ပျိုးရေး ချစ်မြတ်နိုးသူများလည်း ရှိကြသည်။

မန်ဂျန်ရှားသစ်ကို စိုက်ပျိုးရာတွင် မျိုးရွေးမှန်ရန် အလွန်အရေးကြီးသည်။ မန်ဂျန်ရှားပင်သည် အပင်မျိုးကို ခွဲသည့်အခါ အပွင့်၊ ပင်စည်စသည့်အချက်များဖြင့် ခွဲခြားလျှင် လွယ်ကူသော်လည်း မျိုးစေ့ကို ခွဲခြားသည့်အခါ အလွန်ခဲယဉ်းပေသည်။ မန်ဂျန်ရှားမျိုးစိတ်ခွဲပေါင်း ၄၆ မျိုး ရှိသည့်အတွက် မျိုးစေ့ကို ကြည့်ပြီးခွဲလျှင် ဆင်တူ၍ မှားနိုင်သည်။

**မျိုးစေ့စတင်ပျိုးထောင်ခြင်း**

မန်ဂျန်ရှားမျိုးစေ့ကို စတင်ပျိုးထောင်မည်ဆိုလျှင် မျိုးစေ့ကို ခုနစ်ရက်ခန့် နေလှန်းပါ။ ခုနစ်ရက်ခန့် နေလှန်းပြီးသည့်အခါ မျိုးစေ့အရင့်များသည် ဖောင်းတင်းနေပြီး နုသည့်မျိုးစေ့များသည် ပိန်လှီသွားသည်။ ထိုအခါ အစေ့ထိပ်တွင်ရှိသည့် အဝါရောင်ဝတ်ဆံဖတ်များကုန်စင်သွားအောင် ပြုလုပ်ပေးရန် လိုအပ်သည်။ ထို့နောက် မျိုးစေ့အရင့်



မန်ဂျန်ရှားပျိုးပင်များ။

**“မန်ဂျန်ရှားသစ်ကို မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောများအနေဖြင့် ဧက ရာနှင့်ချီပြီး စိုက်ပျိုးထားကြောင်း သိရသည်”**

အနု ထပ်မံခွဲခြားရန် မျိုးစေ့များကို ရေဖြင့်စိမ်သည့်အခါ ရင့်သည့်မျိုးစေ့များသည် ရေအောက်တွင် ရောက်ရှိသွားပြီး နုသည့် မျိုးစေ့များသည် ရေပေါ်တွင် ပေါလောပေါ်လာသည်။ ထိုအခါရင့်သည့် မျိုးစေ့များကို ရရှိလာပေလိမ့်မည်။ နောက်ထပ်နည်းလမ်းများ အနေဖြင့် မျိုးစေ့များကို သဲဖြင့် အပူပေးပြီးလှော်ခြင်း၊ ရေနွေးပွက်ပွက်ဆူသည့်အထဲတွင် နှစ်မိနစ်မှ ငါးမိနစ်ခန့်အထိ စိမ်ထားခြင်းများ ပြုလုပ်ကြသည်။

မန်ဂျန်ရှားပင်များကို ပျိုးထောင်သည့်အခါ သဲဆန်သည့်မြေမှလွဲပြီး ရိုးရိုးမြေကို နွားချေးဖြင့်ဆတူရော၍ ပျိုးအိတ်အတွင်းထည့်ကာ ရေစိမ့်ဝင်အောင် လောင်းထားပြီး မျိုးစေ့များကို စတင်စိုက်ပျိုးနိုင်ပါသည်။ ရင့်သည့်မျိုးစေ့များသည် သုံးရက်မှ တစ်ပတ်အတွင်း ပေါက်လာနိုင်သည်။ ပျိုးပင်များကို နေရောင်တိုက်ရိုက်မကျစေရန် ပျိုးစင်ဆောက်ပြီး ပျိုးရန်လိုအပ်သည်။ ပျိုးပင်များကို တစ်နေ့နှစ်ကြိမ် ရေလောင်းပေးပြီး လေးလခန့်သက်တမ်းရှိသည့်ခါ ပျိုးပင်များကို ရွှေ့ပြောင်းစိုက်နိုင်သည့် အနေအထားသို့ရောက်ရှိသည်။

**ရွှေ့ပြောင်းစိုက်ပျိုးခြင်း**

ရွှေ့ပြောင်းမစိုက်မီ စိုက်ပျိုးမည့် မြေနေရာကို pH Level တိုင်းတာရန် လိုသည်။ pH Level ဆိုသည်မှာ စိုက်ပျိုးမည့်မြေကြီး၏ မြေချဉ်ကိန်းကို တိုင်းတာခြင်း ဖြစ်သည်။ ပုံမှန်အနေဖြင့် pH level 7 ရှိရမည်ဖြစ်သည်။ pH Level 7 အောက်ရှိသည့် မြေကြီးသည် မြေချဉ်ဖြစ်ပြီး pH Level 7 အထက်ရှိသည့် မြေကြီးသည် မြေငန်ဟူ၍ စိုက်ပျိုးရေး ပညာရှင်များက သတ်မှတ်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမည့်မြေကို pH test ပြုလုပ်ပြီး စိုက်ပျိုးသည့်အခါ အပင်ကို ကျွေးမည့် မြေဩဇာကို သိရှိနိုင်ကာ ထိရောက်သည့် ပြုစုပျိုးထောင်ပေးမှုကို ပြုလုပ်နိုင်မည်ဖြစ်သည်။ pH level ကို မသိရှိဘဲ စိုက်ပျိုးသည့်အခါ အပင်ကြီးထွားရန် အဓိကထား စိုက်ပျိုးသည့်အတွက် နိုက်ထရိုဂျင်ဓာတ်ပါသည့် မြေဩဇာကိုကျွေးနိုင်ကြောင်း သိရသည်။

မန်ဂျန်ရှားပျိုးပင်များကို ရွှေ့ပြောင်းစိုက်သည့်အခါ ကျင်းထဲတွင် နွားချေးပြည်ဝက်ခန့်ခံထားပြီး မိုးမကျမီ ထည့်ထားရန်လိုအပ်ပါသည်။ မိုးကျသည့်အခါ နွားချေးသည် အပူငွေ့ကုန်သွားပြီး အပင်စိုက်ရန်အသင့်တော်ဆုံး အနေအထားဖြစ်သည်။ မန်ဂျန်ရှားပျိုးပင်များကို စိုက်ခင်းသို့ မြေချသည့်အခါ ခြောက်ပေခြား စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သည်။ မန်ဂျန်ရှားပင်၏ ထူးခြားချက်မှာ ကျွန်းပင်ကဲ့သို့မဟုတ်ဘဲ ကိုင်းတက်ကြီးလာလျှင် ပင်စည်ဖြစ်သွားတတ်သည်။ ထိုသို့ အကိုင်းအခက်များ ကြီးထွားမလာစေရဘဲ နေရောင်ခြည်ကို အလုအယက်ရရှိစေပြီး ပင်စည်ဖြောင့်တက်သွားစေရန် အပင်စိပ်စိပ်စိုက်ခြင်းသည် ပို၍သင့်တော်ပါသည်။ အပင်များကြီးလာသည့်အခါ ဈေးကွက်ဝင် အပင်ဖြောင့်များကို ချန်လှပ်ပြီး ကြားညှပ်အပင်များကို ခုတ်ထွင်ရှင်းလင်းနိုင်ပါသည်။

စိုက်ပျိုးထားသည့် မန်ဂျန်ရှားပင်များအကြား ပေါက်ရောက်နေသည့် ပေါင်းမြက်များကို ဆောင်းကုန်ခါနီးမှ လွဲ၍ တစ်နှစ်နှစ်ကြိမ် ပေါင်းရှင်းပေးရသည်။ အပင်စိုက်ပျိုးပြီး ဒုတိယနှစ် မိုးဦးမကျမီ အကိုင်းအခက်များကို ခုတ်ရှင်းပေးရသည်။ သို့မှသာ မိုးကျသည့်အခါ အရွက်သစ်များထွက်လာပြီး အပင်ပိုမိုသန်လာမည်ဖြစ်သည်။

**နှစ်အလိုက် ကြီးထွားမှုနှုန်း**

မန်ဂျန်ရှားပင်၏ နှစ်အလိုက် ကြီးထွားမှုနှုန်းများမှာ အပင် ခြောက်လသားတွင် အမြင့် နှစ်မီတာ (ခြောက်ပေခွဲ)၊ တစ်နှစ်သားတွင် အမြင့် ၄ ဒသမ ၆ မီတာ (၁၅ ပေ)၊ တစ်နှစ်ခွဲသားတွင် အမြင့် ၈ ဒသမ ၆ မီတာ (၂၈ ဒသမ ၂ ပေ)၊ နှစ်နှစ်သားတွင် အမြင့် ၁၀ ဒသမ ၅ မီတာ (၃၄ ဒသမ ၄ ပေ)၊ သုံးနှစ်သားတွင် အမြင့် ၁၄ ဒသမ ၈ မီတာ (၄၈ ဒသမ ၅ ပေ)၊ လေးနှစ်သားတွင် အမြင့် ၁၅ ဒသမ ၆ မီတာ (၅၁ ဒသမ ၁ ပေ)၊ ငါးနှစ်သားတွင် အမြင့် ၂၂ ဒသမ ၄ မီတာ (၇၃ ဒသမ ၄ ပေ)အထိ ကြီးထွားမြန်သည့် အပင် တစ်မျိုးဖြစ်သည်။

သို့သော် မန်ဂျန်ရှားပင်သည် ငါးနှစ်သားအထိသာ အရှိန်အဟုန်ဖြင့် အမြင့်ကြီးထွားနှုန်းမြန်ပြီး ငါးနှစ်သားကျော်သည့်အခါ အပင်အမြင့်ကြီးထွားနှုန်း နှေးသွားသည်။ ထို့ကြောင့် ပင်စည်ကြီးထွားဖွံ့ဖြိုးလာရန် ပင်ကျပ်ပင်ညှပ်များကို ခုတ်ထွင်ရန် လိုအပ်သည်။

မန်ဂျန်ရှားပင်၏ နှစ်အလိုက် ပင်စည်လုံးပတ်ဖွံ့ဖြိုးမှုမှာ တစ်နှစ်သားအပင်သည် အချင်း ၅ ဒသမ ၉ စင်တီမီတာ (၂ ဒသမ ၃ လက်မ)ရှိပြီး လုံးပတ် ခုနစ်လက်မခန့်၊ နှစ်နှစ်သား အပင်သည် အချင်း ၁၀ စင်တီမီတာ (လေးလက်မ)၊ လုံးပတ် ၁၂ လက်မခန့်၊ သုံးနှစ်သား အပင်သည် အချင်း ၁၄ စင်တီမီတာ (ငါးလက်မခွဲ) လုံးပတ် ၁၅ ဒသမ ၇ လက်မခန့်၊ လေးနှစ်သား အပင်သည် အချင်း ၁၆ ဒသမ ၈ စင်တီမီတာ (၆ ဒသမ ၆ လက်မခန့်)၊ လုံးပတ် လက်မ ၂၀ ခန့်၊ ငါးနှစ်သားအပင်သည် အချင်း ၁၈ စင်တီမီတာ (ခုနစ်လက်မ)၊ လုံးပတ် ၂၂ လက်မခန့်အထိ ကြီးထွားနိုင်သည်။

မန်ဂျန်ရှားပင်သည် အပင်ကြီးထွားမှုမြန်ခြင်း၊ သစ်လုံးဖြောင့်ဖြူးခြင်း၊ သစ်ကြောမရှုပ်ခြင်း၊ သစ်အရောင်အသွေးလှပခြင်း၊ အချိန်တို ၁၀ နှစ်မှ ၁၂ နှစ်အတွင်း ခုတ်လှဲရောင်းချနိုင်ခြင်းတို့ကြောင့် သစ်စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် အစားထိုးစိုက်ပျိုးသည့်အနေဖြင့် လည်းကောင်း စိုက်ပျိုးရန်သင့်တော်သည့် အပင်မျိုးဖြစ်သည်။

**ဧက ရာနှင့်ချီပြီး စိုက်ပျိုးထား**

မန်ဂျန်ရှားသစ်ကို မြန်မာနိုင်ငံတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောများ အနေဖြင့် ဧက ရာနှင့်ချီပြီး စိုက်ပျိုးထားကြောင်း သိရသည်။

မန်ဂျန်ရှားသစ်၏အရောင်မှာ ညိုဝါရောင်ရှိပါသည်။ အဆိုပါ မန်ဂျန်ရှားသစ်ကို အထပ်သား၊ တံခါးကျည်းပေါင်၊ ပါကေး၊ပရိဘောဂ၊စက်လှေနှင့် မော်တော်ယာဉ်များတွင်လည်း အသုံးပြုလျက်ရှိပါသည်။ သက်တမ်းနုသည့် မန်ဂျန်ရှားပင်များကို စက္ကူပျော့ဖတ် ပြုလုပ်ရာတွင် အသုံးပြုရာ၌ အရည်အသွေးကောင်းမွန်သည့် စက္ကူဖြူများကို ရရှိကြောင်း သိရသည်။ ထို့ကြောင့် ကျွန်းပင်သည် နှစ် ၃၀ ခန့်ရှိမှသာ သစ်အနေဖြင့် အသုံးပြုရန် ကောင်းမွန်ပြီး မန်ဂျန်ရှားပင်သည် ၁၀ နှစ်ဝန်းကျင်တွင် အသုံးပြုနိုင်သည့် သစ်အမျိုးအစားဖြစ်ကာ ကျွန်းတုခေါ် ကြီးမြန်သစ်ပင် မန်ဂျန်ရှားပင်သည် သဘာဝပတ်ဝန်းကျင် သာယာလှပရေး၊ လူမှုစီးပွားဘဝတွင် အဆင်ပြေနိုင်ရေး စိုက်ပျိုးရန် လွန်စွာသင့်တော်သည့်အပင် ဖြစ်ပါကြောင်း။



မန်ဂျန်ရှားသစ်ဖြင့် ပြုလုပ်ထားသည့် ပရိဘောဂများ။

# စစ်တွေမြို့၌ ထေရ်ကြီး၊ ဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေး

စစ်တွေ ဇူလိုင် ၂၉

**စစ်တွေမြို့သာသနဒ္ဓဇမာန်တော်၌ စစ်တွေမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ရဟန်း၊ သံဃာ၊ သာမဏေများနှင့် သီလရှင်များအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဇူလိုင် ၂၈ ရက်တွင် လှည့်လည်ကြည့်ရှုအားပေးသည်။**



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာသနဒ္ဓဇမာန်တော်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရန် ကြွရောက်တော်မူကြသော စစ်တွေမြို့ပေါ်မှ ထေရ်ကြီး၊ ဝါကြီးဆရာတော်ကြီးများအား ဖူးမြော်ပြီး အဖျော်ရည်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်ကြီးများ၊ ရဟန်း၊ သံဃာ၊ သာမဏေများနှင့် သီလရှင်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနေမှုကို ပြည်နယ်ဝန်ကြီးချုပ်က လှည့်လည်ကြည့်ရှုအားပေးသည်။ (ယာပုံ)

ကိုဗစ်-၁၉ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးရာတွင် ဆေးထိုးနှံခြင်းမပြုမီ စစ်တွေတပ်နယ်မှ ဆေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စာရင်းကောက်ယူခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်းဖြစ်ကာ ဆေးထိုးနှံပြီးနောက်တွင်လည်း မိနစ် ၃၀ အကြာစောင့်ကြည့်ပြီးမှ ပြန်ခွင့်ပြုကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် ထပ်ဆောင်းထိုးနှံပေးခြင်းအပြင် အကြောင်းအမျိုးမျိုးကြောင့် ယခင်က ကာကွယ်ဆေးမထိုးနှံရသေးသည့် ရဟန်း၊ သာမဏေနှင့် သီလရှင်များကိုလည်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ် မိတ်ဆက်

**ပုသိမ် ဇူလိုင် ၂၉**

ဩဂုတ် ၁ ရက်တွင် စတင်အကောင်အထည်ဖော်မည့် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲကို ဇူလိုင် ၂၈ ရက်က ပုသိမ်မြို့ရောရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် စေ့စပ်ဖြေရှင်းရေးဌာနတာဝန်ခံ ဒေါ်မာမာစိုးရင်က တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအစီအစဉ်ကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး အခမ်းအနားတက်ရောက်သူများက သိရှိလိုသည့်မေးမြန်းချက်များကို စေ့စပ်ဖြေရှင်းရေးအရာရှိ ဒေါ်သီတာမျိုးသန့်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။



ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် ဥပဒေအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရှေ့နေများ တက်ရောက်ခဲ့ကြသည်။

**ခရိုင်**
**(မြန်/ဆက်)**





ညောင်ဦးမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်းများကို ညောင်ဦးမြို့နယ် အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့က အမှတ်(၂) နယ်မြေကျောင်းစုရပ်ကွက်အတွင်းနှင့် အနော်ရထာရပ်ကွက် ပုဂံမူကြိုကျောင်းဝင်းအတွင်း ဇူလိုင် ၂၈ ရက်က ဆောင်ရွက်ပေးစဉ်။ (ညောင်ဦးမြို့၌ ခြင်ဆေးဖျန်းလိုသူများအနေဖြင့် အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ ဖုန်း- ၀၉-၄၀၁၃၄၄၀၅၇၊ ၀၉-၈၈၀၁၅၁၁၉၁ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။)

ဝင်းထိန်(မြန်/ဆက်)

# သာပေါင်းမြို့အဝင်ဂိတ်၌ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး စစ်ဆေးခြင်းများဆောင်ရွက်

**သာပေါင်း ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ကြပ်မတ်စစ်ဆေးခြင်းများကို ဇူလိုင် ၂၈ ရက်က ကွက်ပြင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာရှိ မြို့အဝင်စစ်ဆေးရေးဂိတ်၌ ဆောင်ရွက်သည်။

သာပေါင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းရောထိုက်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်ကျော်သိန်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ဝင်များ၊ မြို့နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များ ပူးပေါင်း၍ ခရီးသွားပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်သွားလာကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း သက်သေခံလက်မှတ် တစ်ပါတည်းယူဆောင်လာကြရန်၊ တရားမဝင်ကုန်စည်များ သယ်ယူပို့ဆောင်မှုမရှိစေရေး၊ အကောက်ခွန်မဲ့ပစ္စည်းများ သယ်ဆောင်ခြင်းမပြုရေး၊ လိုင်စင်မဲ့ယာဉ်များမှတ်ပုံတင်ရေး စသည်တို့ကို စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**မျိုးဇော်သိန်း (မြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ဘန်လေတောင်ပံကစားသမား မက်နေးလ်ကို အဲဗာတန်ခေါ်ယူ



ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် ဘန်လေအသင်းမှ တောင်ပံကစားသမား ဒွိုက်မက်နေးလ်ကို ပေါင်သန်း ၂၀ ခန့်နှင့်အတူ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီ ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် မက်နေးလ်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်း ဘန်လေအသင်းအတွက် ပွဲ ၁၄၀ ပါဝင်ကစားခွင့်ရရှိထားပြီး ပရီမီယာလိဂ် နှစ်ပွဲသာ လွဲချော်ထားကြောင်း သိရသည်။ အင်္ဂလန် ယူ-၂၁ ကစားသမားဟောင်း မက်နေးလ်သည် ယခုနှစ်ရာသီ အဲဗာတန်အသင်း၏ တတိယမြောက်ခေါ်ယူမှုဖြစ်လာခဲ့ပြီး ၎င်းမတိုင်မီ မက်နေးလ်၏ ဘန်လေအသင်းဖော်ဟောင်း ဂျိမ်းစ် တာကောစကီးနှင့် စပို့တင်းအသင်းမှ ရူဘင် ဗီနာဂရီတို့ကို ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

အဲဗာတန်အသင်းနှင့် စာချုပ်ချုပ်ဆိုပြီးနောက် မက်နေးလ်က "အဲဗာတန်အသင်းနဲ့ စာချုပ်ချုပ်ဆိုနိုင်တာ အံ့ဩစရာကောင်းပါတယ်။ အဲဗာတန်အသင်းက ခေါ်ယူဖို့ စိတ်ဝင်စားတာကြားသိရတော့ ချက်ချင်းကို စာချုပ်ချုပ်ချင်ခဲ့တယ်"ဟု ပြောသည်။

၎င်းသည် အဲဗာတန်အသင်း၌ နံပါတ် ၇ ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။ အဲဗာတန်အသင်းသည် ပရီမီယာလိဂ်ရာသီအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၆ ရက်တွင် နာမည်ကြီး ချယ်ဆီးအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

## ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းမှ ခံစစ်ကစားသမား ခရစ္စရစ်ချတ်စ်ကို ပဲလေ့စ်အသင်းခေါ်ယူ

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းမှ ခံစစ်ကစားသမား ခရစ္စရစ်ချတ်စ်ကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၈ ဒသမ ၅ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ကြောင်း သိရသည်။ အဆိုပါ ခံစစ်ကစားသမားသည် ပဲလေ့စ်အသင်းနှင့် ငါးနှစ်ရှိ စာချုပ် တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် အမေရိကန်ကစားသမားသည် ပြီးခဲ့သည့် ရာသီတွင် ဟော်ဖန်ဟိန်းအသင်း၌ အငှားကစားခဲ့ကြောင်း သိရသည်။ ခံစစ်ကစားသမား ရစ်ချတ်စ်သည် နေရာစုံတွင် ကစားနိုင်သူဖြစ်သော်လည်း ဘိုင်ယန်မြူးနစ်ပထမအသင်း၌ စုစုပေါင်း ငါးပွဲသာ ပါဝင်ကစားခွင့် ရရှိထားသည်။



၎င်းသည် ၂၀၁၈ ခုနှစ်တွင် မေဂျာလိဂ်ကလပ် ဒါးလပ်စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားပြောင်းရွှေ့လာသူဖြစ်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ဘိုင်ယန်မြူးနစ်အသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကွင်းလယ်ကစားသမား ဒူကော်ရီ၊ တိုက်စစ်ကစားသမား အီဘီယိုဝေနှင့် ဂိုးသမား ဂျွန်စတုန်းတို့ပြီးနောက် ယခုနှစ်ရာသီ ပဲလေ့စ်၏ စတုတ္ထမြောက် ခေါ်ယူသည့် ကစားသမားဖြစ်လာခဲ့သည်။



## ကစားသမားဘဝစတင်ရာ နာစီယိုနယ်သို့ ဆွာရက်ဇ်ပြောင်းရွှေ့

လီဗာပူးနှင့် ဘာစီလိုနာတိုက်စစ်ကစားသမားဟောင်း လူးဝစ်ဆွာရက်ဇ်သည် ကစားသမားဘဝစတင်ရာ မိခင်နိုင်ငံမှ နာစီယိုနယ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

အသက် ၃၅ နှစ်အရွယ် တိုက်စစ်မှူး ဆွာရက်ဇ်သည် ယခုနှစ်ရာသီတွင် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လမ်းခွဲထားသူ ဖြစ်သည်။ ဆွာရက်ဇ်သည် ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၅ ခုနှစ်တွင် နာစီယိုနယ်အသင်း၌ စတင်ခဲ့ပြီး ၂၇ ပွဲကစား၊ ၁၀ ဂိုးသွင်းယူကာ ဥရုဂွေးလိဂ်ဖလားရရှိအောင် ကူညီပေးထားနိုင်ကြောင်း သိရသည်။

ထို့နောက်တွင် ဂရိုနင်ဂမ်၊ အိုင်းယက်စ်၊ လီဗာပူး၊ ဘာစီလိုနာနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ထံ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်သည်။ ၎င်း၏ ကစားသမားဘဝတစ်လျှောက် လက်ရှိအချိန်အထိ ပွဲစုစုပေါင်း ၇၃၀ ပါဝင်ကစားထားပြီး ၄၅၂ ဂိုး သွင်းယူထားနိုင်သည်။

ထို့အပြင် အိုင်းယက်စ်အသင်းနှင့် နယ်သာလန်လိဂ်ဖလား၊ လီဗာပူးအသင်းနှင့် ပရီမီယာလိဂ်ဖလား၊ ဘာစီလိုနာအသင်းနှင့် လာလီဂါဖလား၊ ကိုပါဒယ်ရေးဖလား၊ ချန်ပီယံလိဂ်ဖလား၊ စူပါဖလား၊ ဖီဖာကလပ်ကမ္ဘာ့ဖလား၊ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် လာလီဂါဖလားတို့ကို ဆွတ်ခူးထားနိုင်သူ ဖြစ်သည်။

## ကွန်ဒီကို ခေါ်ယူရန် ဘာစီလိုနာအသင်း သဘောတူညီမှုရရှိ

ဘာစီလိုနာအသင်းသည် ဆီဗီလာအသင်းမှ ပြင်သစ်ဗဟိုခံစစ်ကစားသမား ကွန်ဒီကို ပေါင် ၄၁ ဒသမ ၈၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ပြင်သစ်အသင်းအတွက် ၁၁ ပွဲ ပါဝင်ကစားခွင့်ရရှိထားသော ကွန်ဒီသည် မကြာသေးမီက ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန် ချိတ်ဆက်ခံထားရသူ ဖြစ်သည်။ ကွန်ဒီသည် ၂၀၁၉ ခုနှစ်တွင် ဘော်ဒိုးအသင်းမှ ဆီဗီလာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၃၃ ပွဲ ပါဝင်ကစားခွင့်ရရှိထားကာ ကိုးဂိုးသွင်းယူပေးထားနိုင်သည်။

ထို့အပြင် ၎င်းသည် ဆီဗီလာအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ ပြည့်နှစ်တွင် ယူအီးအက်ဖ်အေ ယူရိုပါလိဂ်ဖလားကို ဆွတ်ခူးရရှိထားသည်။

## နောက်ဆုံးရအားကစားသတင်းတိုများ

- အဲဗာတန်အသင်းသည် ပီအက်စ်ဂျီအသင်းမှ ဆီနီဂေါကွင်းလယ်ကစားသမား ဂွီရီကို ပြန်လည်ခေါ်ယူရန် စိတ်ဝင်စားနေသည်။ ၎င်း၏ အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး လာမည့်ရက်အနည်းငယ်အတွင်း ဆက်လက်ဆွေးနွေးသွားဖွယ်ရှိသည်။
- မာဆေးလ်အသင်းသည် အင်တာမီလန်အသင်းမှ အသက် ၃၃ နှစ်အရွယ် ချီလီတိုက်စစ်မှူး ဆန်းချက်ဇ်ကို ခေါ်ယူရန် ဆွေးနွေးနေသည်။
- ဝက်စ်ဟမ်းအသင်းသည် ဖရန့်ဖတ်အသင်းမှ အသက် ၂၉ နှစ်အရွယ် ဆားဘီးယားကစားသမား ကော့စ်တစ်ကို ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။
- စပါးအသင်းသည် ရိုးမားအသင်းမှ တိုက်စစ်ကစားသမား ဇနီအိုလိုကို ခေါ်ယူရေး ဂျူဗင်တပ်စ်အသင်းထက် လက်ဦးမှုရဖွယ်ရှိနေသည်။
- ဘာစီလိုနာအသင်းသည် စပါးအသင်းမှ ရီဂူလီယွန်ကို ခေါ်ယူလိုနေသည်။



**လီဗာပူး** **မန်စီးတီး**

နေ့ - စနေနေ့ ကွန်မြူနတီဒိုင်း အချိန် - ၁၀း၃၀

## ခြေစွမ်းအမှန် သိခွင့်ရမယ့် ကွန်မြူနတီဒိုင်းလုပွဲ

ပရီမီယာလိဂ်အမှတ်ပေးပွဲစဉ်တွေ စတင်ကစားမီ တစ်ပတ်အလိုမှာ ကွန်မြူနတီဒိုင်းလုပွဲကို ကစားသွားမှာပါ။ ယခုနှစ်မှာတော့ အဆိုပါ ကွန်မြူနတီဒိုင်းလုပွဲကို ပရီမီယာလိဂ်အမှတ်ပေးချန်ပီယံ မန်စီးတီးနဲ့ အက်ဖ်အေဖလားချန်ပီယံ လီဗာပူးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

### လူစုံတက်စုံနဲ့ ပထမဆုံးကစားမယ့်ပွဲစဉ်

မန်စီးတီးက ပြီးခဲ့တဲ့ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲမှာ လီဗာပူးအသင်းထက် တစ်မှတ်အသာနဲ့ ဖလားဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး လီဗာပူးအသင်းက အက်ဖ်အေဖလားပြိုင်ပွဲ ဗိုလ်လုပွဲမှာ ချယ်ဆီးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်မှာ ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိထားတာ ဖြစ်ပါတယ်။ ဒီကွန်မြူနတီဒိုင်းရဲ့ လက်ရှိချန်ပီယံက လက်စတာအသင်းပါ။ ပြီးခဲ့နှစ်က မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်မြောက် ဆွတ်ခူးထားတာပါ။ ဒီကွန်မြူနတီဒိုင်းလုပွဲက လူစုံတက်စုံနဲ့ ပထမဆုံး ကစားမယ့်ပွဲစဉ်ဖြစ်ပြီး ပရီမီယာလိဂ်ရာသီအကြို အသင်းရဲ့အခြေအနေအမှန်ကို စမ်းသပ်မယ့်ပွဲစဉ်လည်း ဖြစ်ပါတယ်။

**ဒီကွန်မြူနတီ ဒိုင်းလုပွဲက လူစုံတက်စုံနဲ့ ပထမဆုံးကစားမယ့် ပွဲစဉ်ဖြစ်ပြီး ပရီမီယာလိဂ် ရာသီအကြို အသင်းရဲ့ အခြေအနေအမှန်ကို စမ်းသပ်မယ့် ပွဲစဉ်လည်း ဖြစ်ပါတယ်။**

### ဂိုးသွင်းကောင်းတဲ့ မှတ်တမ်းပိုင်ဆိုင်ထား

ဒီပွဲစဉ်မတိုင်မီ ရာသီအကြိုခြေစမ်းပွဲအဖြစ် ကစားခဲ့တဲ့ လီဗာပူးအသင်းရဲ့ အခြေအနေကိုကြည့်ရင် မန်ယူ၊ ဆောလ်ဘတ်အသင်းတွေကို ရှုံးနိမ့်ထားပြီး ခရစ္စတယ်ပဲလေ့စ်၊ လိုက်ပ်ဇစ်အသင်းတွေကို အနိုင်ရရှိထားတယ်။ လီဗာပူးအသင်းအနေနဲ့ ဒီနှစ်မှာ မီနာမီမို၊ အိုရီဂီ၊ အဓိကတိုက်စစ်ကစားသမား မာနေးတို့ရဲ့ နေရာကို ဒါဝင်နူနက်ဇ်၊ ကယ်ဗင်ရမ်ဆေးတို့ကို ခေါ်ယူအားဖြည့်ထားပါတယ်။ နူနက်ဇ်က ဘင်ဖီကာအသင်းမှာ ပြီးခဲ့တဲ့ရာသီ ၄၁ ပွဲမှာ ၃၄ ဂိုးအထိ သွင်းယူထားပြီး ဂိုးသွင်းကောင်းတဲ့ မှတ်တမ်းပိုင်ဆိုင်ထားတဲ့ တိုက်စစ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် နူနက်ဇ်အနေနဲ့ တစ်ဦးချင်း အရည်အသွေး၊ မြန်နှုန်းမြင့်စွမ်းရည်နဲ့ ဂိုးသွင်းထက်မြက်မှုက မန်စီးတီးခံစစ်ကို ဒုက္ခပေးသွားနိုင်မလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

### လီဗာပူးအသင်းက အသာရ

မန်စီးတီးအသင်းရဲ့ ရာသီအကြိုခြေစမ်းပွဲတွေကိုကြည့်ရင် နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး အနိုင်ရရှိထားတယ်။ မန်စီးတီးအသင်းက ယခုနှစ်မှာ အားထားရတဲ့ ဂျီးဆပ်၊ စတားလင်း၊ ဇင်ချန်ကိုတို့ကို ကစားသမားတွေကို ဆုံးရှုံးထားရတယ်။ ဒါပေမယ့်လည်း ဟာလန်း၊ ဖီးလစ်တို့ကို ခေါ်ယူအားဖြည့်မှုပြုလုပ်ထားတယ်။ လီဗာပူးနဲ့ မန်စီးတီးအသင်းတို့ နောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာတော့ လီဗာပူးအသင်းက အသာရထားပြီး နှစ်ကြိမ် သရေကျကာ တစ်ကြိမ် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားတယ်။

ခြေစွမ်းအမှန်သိခွင့်ရမယ့် ဒီကွန်မြူနတီဒိုင်းလုပွဲမှာ အောင်ပွဲခံမယ့်အသင်းက ကလော့ပ်ရဲ့ လီဗာပူးလား သို့မဟုတ် ဂွါဒီယိုလာရဲ့ မန်စီးတီးလား။ စနေနေ့ညမှာ ဆုံးဖြတ်ပေးသွားတော့မှာ ဖြစ်ပါတယ်။

■ မိုးဇက် - စုစည်းသည်

# ရခိုင်ပြည်နယ်၏ ခရီးသွားကဏ္ဍတိုးတက်လာရေး ညှိနှိုင်းဆွေးနွေး

**စစ်တွေ ဇူလိုင် ၂၉**

ရခိုင်ပြည်နယ်၏ ခရီးသွားကဏ္ဍတိုးတက်လာရေးအတွက် ရခိုင်ပြည်နယ် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၂/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်က ပြုလုပ်သည်။



အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ခရီးသွားလုပ်ငန်းသည် သီးခြားရပ်တည်၍မရသည့်အတွက် အခြားသောဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဆိုင်ရာ လုံခြုံမှုလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်စပ်နေခြင်းကြောင့် ပြည်နယ်အတွင်းရှိ အခြားသောလုပ်ငန်းဌာနများ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများသည် ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုကြောင်း၊ ဌာနများက မိမိတို့၏တာဝန်ကို အောင်မြင်အောင် အသီးသီးဆောင်ရွက်သည့်ရလဒ်က ခရီးသွားလုပ်ငန်းအပေါ်မှာပါ ကောင်းမွန်သည့် အကျိုးဖြစ်ထွန်းမှုများ ရရှိစေသည်ကိုတွေ့ရကြောင်း၊ ထို့အပြင် ဧည့်သည်များနှင့် ဝန်ဆောင်မှုပေးသူများပါ ကျန်းမာရေးလုံခြုံမှုရှိသော ပတ်ဝန်းကျင်လုပ်ငန်းခွင်ကို ရရှိစေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာ ဆောင်ရွက်သွားကြရန်လည်း သတိပေးလိုကြောင်း ပြောကြားသည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်တွင် ခရီးသွားရာသီ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင်မှုရှိသည့် မြောက်ဦးဒေသနှင့် ကမ်းရိုးတန်းဒေသများဖြစ်သော သံတွဲ၊ ငပလီစသည့်ဒေသများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းသတ်မှတ်ချက်များနှင့်အညီ ခရီးသွားများတိုးမြှင့်ဝင်ရောက်မည့် အလားအလာရှိသဖြင့် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ထားရန် ညွှန်ကြားထားသည်နှင့်အညီ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်အောင် ဝိုင်းဝန်းဆောင်ရွက်နေကြသည့် မြောက်ဦးဒေသနှင့် ငပလီအပန်းဖြေကမ်းခြေဒေသများ၌ လာမည့် ခရီးသွားရာသီအတွက် အဆင်သင့်ဖြစ်စေရေးနှင့် ယခင်နှစ် ခရီးသွားရာသီထက် ပိုမိုတိုးတက်ကောင်းမွန်ပြီး လုံခြုံမှုရှိအောင် ဆောင်ရွက်သွားစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ဆောင်ရွက်နေမှုများ၊ ကော်မတီအတွင်းရေးမှူး ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်က သက်ဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍအလိုက် လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက ပြည်နယ်အတွင်း၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့သည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

---

# ကျောက်ဆည်မြို့နယ်၌ စိုက်ပျိုးမြေ ဧက ၅၈၀ ရေပြည့်ဝစွာပေးဝေနိုင်ရန် သင်းဒီးမြောင်းမှ ရေကျအဆောက်အအုံတစ်ခု ပြန်လည်ပြုပြင်မည်

**ကျောက်ဆည် ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် စိုက်ပျိုးသီးနှံများအောင်မြင်စေရေးအတွက် မြောင်းရေသောက်စနစ်ဖြင့် ရေများပေးဝေလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမြေ ဧက ၅၈၀ ကို ရေပြည့်ဝစွာ ရေပေးဝေနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ် ၁၈ သန်းဖြင့် သင်းဒီးမြောင်းမှ ရေကျအဆောက်အအုံတစ်ခုကို ပြန်လည်ပြုပြင်ပေးရန် လျာထားကြောင်း သိရသည်။

အဆိုပါရေကျအဆောက်အအုံသည် ရေကျအမြင့် ငါးပေခွဲရှိကာ ကျားကာကျေးရွာအနီး သင်းဒီးမြောင်း ပေတိုင်အမှတ် အာဒီ(၁၇+၀၈၀) တွင် တည်ရှိပြီး ပျက်စီးနေသည့် ရေကျအဆောက်အအုံ အထက်ပိုင်းနှင့် ရေကျကြမ်းခင်း၊ မြောင်းနှုတ်ခမ်းကျောက်ဆလံများကို ပြန်လည်ပြုပြင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေကျအဆောက်အအုံ ပြန်လည်ပြုပြင်ပြီးပါက သီးနှံမျိုးစုံစိုက်ပျိုးဧက ၅၈၀ အတွက် ရေများပေးဝေရာတွင် ကောင်းမွန်မှုတစွာ စိုက်ပျိုးသီးနှံများ အောင်မြင်သည်အထိ လိုအပ်သည့် ရေပမာဏပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့က အမှတ်(၁)နယ်မြေ သီရိမင်္ဂလာမူကြိုကျောင်းနှင့် ပတ်ဝန်းကျင်၌ ဇူလိုင် ၂၇ ရက်က ခြင်ဆေးများဖြန်းပေးနေစဉ်။** (ညောင်ဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ဆေးဖြန်းလိုပါက အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့၊ ဖုန်း-၀၉-၄၀၁၃၄၄၀၅၇၊ ၀၉-၈၈၀၁၅၁၁၉၁ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။)

**ဝင်းထိန်(ပြန်/ဆက်)**

---

# တနင်္သာရီမြို့မြစ်အတွင်း၌ ရေဘေးကာကွယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

**တနင်္သာရီ ဇူလိုင် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မြိတ်ခရိုင်ဦးစီးမှူးရုံးနှင့် တနင်္သာရီမြို့နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့အစည်းများ၊ အထက(တနင်္သာရီ)ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများပူးပေါင်း၍ တနင်္သာရီမြစ်အတွင်း၌ ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်မှုကို ဇူလိုင် ၂၆ ရက်က ဆောင်ရွက်သည်။

လေ့ကျင့်ရာတွင် ရေပြင်အသက်ကယ်ရှာဖွေခြင်း၊ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ စနစ်တကျ ရွှေ့ပြောင်းကူညီပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ရှေးဦးပြုစုခြင်းတို့ကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွေနွေစိုးက တနင်္သာရီမြို့နယ်အတွင်း ရေကြီး၊ ရေလျှံမှုများ ကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံး ဖြစ်စေရန်၊ အမှန်တကယ် ဘေးအန္တရာယ်ကြုံတွေ့ရချိန်တွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို သိရှိဆောင်ရွက်နိုင်ရန်၊ ရင်ဆိုင်ရနိုင်သည့် ဘေးအန္တရာယ်များအလိုက် တုံ့ပြန်ဆောင်ရွက်ရမှုများကို သိရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

**မြင့်ဦး(မြိတ်)**



---

# မြဝတီမြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းဖွင့်

**မြဝတီ ဇူလိုင် ၂၉**

မြန်မာ-ထိုင်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ကရင်ပြည်နယ် မြဝတီမြို့နယ်သည် နယ်စပ်ကုန်သွယ်ရေးမြို့ ဖြစ်သည့်အတွက် လူကုန်ကူးမှုအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရန်အတွက် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး ရက်တိုသင်တန်းကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြဝတီခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်နေမှုနှင့် သင်တန်းသားများအနေဖြင့် လူကုန်ကူးမှုနှင့်ဆိုင်သော ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြဝတီခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း သင်တန်းသား ၄၀ တက်ရောက်ပြီး သင်တန်း နည်းပြသုံးဦးက ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

---

# တာမွေမြို့နယ်၌ ပြည်သူ ၁၄၀၀၀ ကျော်အား ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**တာမွေ ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ဇူလိုင် ၂၈ ရက်အထိ မြို့နယ်အတွင်းရှိပြည်သူ ၁၄၃၆၁ ဦးအား ထပ်ဆောင်းထိုးနှံပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

ထိုကဲ့သို့ ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံသူများအနေဖြင့် အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ်ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်း ကော်မတီဝင်များက ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်အတွင်း ကာကွယ်ဆေး တစ်ကြိမ်မျှ မထိုးနှံရသေးသူများ၊ အကြိမ်ပြည့် ထိုးနှံရန် ကျန်ရှိနေသေးသူများနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများပူးပေါင်းပါဝင်ကြရန်လည်း ကော်မတီက အသိပညာပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

## လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ အကြိမ် (၉၅၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ညောင်ဦး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ အကြိမ် (၉၅၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂ ရက်အထိ ဆရာတော်၊ သံဃာတော်များမှ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်၍ ကျင်းပသွားမည်ဖြစ်သည်။

အကြိမ် (၉၅၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဆွမ်းသပိတ်လုံး လောင်းလှူခြင်းအား ဝါခေါင်လဆန်း ၈ ရက် (ဩဂုတ် ၄ ရက်) တွင် ပင့်သံဃာ ၂၅ ပါးအား ဘုရားကြီးရင်ပြင်တွင် လောင်းလှူပူဇော်မည်ဖြစ်ကာ ကျန်ရှိဆွမ်းသပိတ်လုံးများကို ကျောင်းတိုက်အသီးသီးသို့ ကပ်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာပြည်အရပ်ရပ်မှ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး၏ အကြိမ် (၉၅၀) မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် မြန်မာပြည်အရပ်ရပ်မှ ဆွမ်းသပိတ်လုံးလှူဒါန်းလိုပါက လောကနန္ဒာဘုရားကြီး ဂေါပကအဖွဲ့နှင့် ဂေါပကအတွင်းရေးမှူး ဖုန်း ၀၉၄၀၂၅၀၀၃၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကိုကြေးမုံ

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/B)၊ လူနေရပ်ကွက်အမှတ်(၂၉)၊ ကုန်းဘောင်လမ်း၊ မြေကွက်အမှတ် (၇၉/၂)၊ အကျယ်အဝန်း(၀.၇၁၃)ဧကရှိ ဦးတင်ထွဋ်အောင် (ခ) ဦးနေအောင် (၁၂/ဒဂန(နိုင်) ၀၁၈၇၂၆) အမည်ပေါက်နှစ်(၆၀) ဂရန် မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော မြေပြင်ပေါ်တွင် မြေကွက်အမှတ် (က-၅)ဟု ဖော်ပြထားသော အကျယ်အဝန်း (၄၀ ပေ × ၆၀ပေ)ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခွန်မေဦး (၁၂/ဥကတ (နိုင်) ၁၈၀၉၆၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ် (၁၁၁၀)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဒေါ်လှသန်းမြင့် (၁၂/ဗဟန (နိုင်) ၀၀၅၄၂၀) အမည်ပေါက် ပါမစ်မြေကွက် အနက်မှတရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက် (၃၀ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး (၁၄/လပတ(နိုင်) ၀၀၈၀၈၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
Hein Htet San Law Firm

ဦးပြည့်ဖြိုးအောင်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)
၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉၄၂၀ ၁၂ ၄၀၀၃

**ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအသိပေးကြေညာချက်**

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်မြတ်စုမွန် မှတ်ပုံတင် အမှတ်-၁၂/တမန(နိုင်)၁၀၅၃၄၃ ကိုင်ဆောင်သူမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၈-၇-၂၀၂၂) ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်-၄/၅၅၆၀/၂၀၂၂ ဖြင့် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအမှတ် တံဆိပ် အမည်အမှတ်အသားကိုအသုံးပြု၍ ဆောက်လုပ်ရေးသုံး ပစ္စည်းများနှင့် သုတ်ဆေးများ၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ကုန်ပစ္စည်းများ၊ ယာဉ်နှင့် စက်ကိရိယာအပိုပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုး တန်ဖိုးမြင့်သစ်အခြေကုန်ပစ္စည်းများတို့တွင် လုပ်ငန်းသုံး ပစ္စည်းအရွယ်အစားအမျိုးမျိုးတို့အား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းတို့အား စသည်တို့ကို မြန်မာနိုင်ငံတစ်ဝှမ်းတွင်လုပ်ကိုင် ဆောင်ရွက်မည်ဖြစ်ပါသည်။

CITY DEPOT
LINK TO THE CITY

၄/၅၅၆၀/၂၀၂၂

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသနှင့် အစိတ်အပိုင်းကိုသော်လည်းကောင်း၊ ဆင်တူရိုးမှားပြုလုပ်၍ ဖြစ်စေ၊ ထင်ယောင်ထင်မှား တုပပြုလုပ်၍ဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးကျော်စွာလင်း
အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)

ဦးအောင်မင်းပိုင်
အထက်တန်းရှေ့နေ(စဉ်-၄၅၉၀၈)

အမှတ်(၄၇၄/က)၊ အောင်သပြေ(၁)လမ်း၊ ကြီးပွားရေးရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ ၄၂၀၂၂၃၀၆၀၊ ၀၉ ၂၅၀၀၀၆၀၉၀
Bhawani Legal Services Company Limited

## လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ၌ မိုးစပါးကောက်စိုက်စက်ဖြင့် ဆေးဖျန်းခြင်းသရုပ်ပြပွဲကျင်းပ

**လှည်းကူး ဇူလိုင် ၂၉**

လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော တောင်သူ ဒေါ်ချယ်ရီ၏ စိုက်ပျိုးခင်းတွင် အမှတ်(၃၅) စက်မှုလယ်ယာစခန်း ထောက်ကြန့်မှ ကောက်စိုက်စက်ဖြင့် ပေါင်းသတ်ဆေးဖျန်းပြီး အနီးပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံ တောင်သူများ လက်တွေ့သရုပ်ပြမောင်းနှင်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



အခမ်းအနားတွင် အမှတ် (၁) လယ်ယာသုံးစက်ကိရိယာ သုတေသနအလုပ်ရုံမှ စမ်းသပ်သုတေသနပြုလုပ်ထားသော Transplanter-mounted Boom Sprayer ကောက်စိုက်စက်ဖြင့် ပေါင်းသတ်ဆေးဖျန်းခြင်းကို စက်ရုံမှူး ဦးဝင်းကျော်ဦးနှင့် ဝန်ထမ်းများက လက်တွေ့ပြသပြီး တောင်သူများ မြေပြင်၊ ပျိုးထောင်၊ စိုက်ပျိုး၊ ဆေးဖျန်း၊ ရိတ်သိမ်းခြင်းများကို ဌာနမှ ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ခရိုင် (ပြန်/ဆက်)

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ အောင်သပြေအနောက် ၇လမ်း၊ အခန်း အမှတ် ၅၉၄၊ (၃)ခန်းတွဲ RC(၅)ထပ် အဆောက်အအုံ၏ ပထမထပ်(အလယ်ခန်း)၊ ဧရိယာ ၇၇၀ စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးအောင်ဘိုဘို ၆/ရဖန(နိုင်)၀၈၃၈၅၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးရဲဝင့်အောင် ၁/ဟပန(နိုင်)၀၀၂၅၆၃ က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးရဲဝင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခိုင်နန္ဒာ
အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ သစ်သားရုပ်တုမျိုးစုံနှင့် ဆင်းတုတော်၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ လုပ်ငန်းသုံးစက်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ရောနှောပါဝင်လာသော ဓာတ်မြေသြဇာအိတ်များနှင့် သွင်းကုန် ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော ရေဖျော်ဓာတ်မြေသြဇာအိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၈၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၇၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် ဆေးပစ္စည်းကိရိယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀) ကို လည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ပရိဘောဂဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀) ကို လည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ပို့ကုန်ကြေညာလွှာ (ED) တွင် ကြေညာထားခြင်းမရှိသော ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်မပါရှိသည့် သစ်သားရုပ်တုမျိုးစုံနှင့် ဆင်းတုတော်နှစ်ဆူ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀) နှင့် သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၆၀၀၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၅၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၉၄၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၉၄၇၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင်လ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ဝန်းသိုမြို့ စစ်ကဲကြီးရပ်ကွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှေ့ ကားလမ်းမပေါ်၌ တရားမဝင် စက်သုံးဆီ ဂါလန် ၂၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇူလိုင် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးစက်ပစ္စည်းနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Foton Tractor Head အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၂၂၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် ဇူလိုင် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၁၄ ဒသမ ၀၄၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၁၉၆၂၀) ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ယာပုံ)** သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၃) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၉၇၀၃၇၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီထံမှ သိရသည်။

**(သတင်းစဉ်)**




## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ (ရွာမ)ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ ရွာမရပ်ကွက်၊ ဖန်ချက်စက်ရုံလမ်း၊ အမှတ် (၂/ဘီ-၃၂၇)၊ ခြတ်လှေကားပါဝင်သော RC(၈)ထပ် အဆောက်အအုံ၏ဒုတိယထပ်၊ ဧရိယာ(၆၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဂျူးဂျူး ၁၄/မမန(နိုင်)၃၄၂၄၉၄ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဖြစ်သော ဒေါ်သူဇာကြွယ် ၁၂/လသယ(နိုင်)၀၆၀၄၇၄က အပြီးအပြတ် ဝယ်ယူရန်ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူဇာကြွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဥ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇနာ ၉လမ်း၊ အမှတ် ၃/အေ-၂၊ (၂)ခန်းတွဲ၊RC (၆)ထပ်တိုက် အဆောက်အအုံ၏တိုက်ကိုမျက်နှာမူလျှင် (ဝဲ)တတိယထပ်၊ ဧရိယာ ၅၁၇စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမြင့်ရီ ၁၂/ဥကမ(နိုင်)၁၃၃၃၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးလွင်မိုး ၁၂/ဥကမ(နိုင်)၂၃၀၂၁၄က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလွင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ(စဥ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဖခင်အမည်မှန်

ဖြူးမြို့နယ် အထက(၁) ဒသမတန်း (C)မှ မောင်သော်ဇင်တိုး၏ ဖခင် ဦးခင်မောင်တိုး၏ အမည်မှန်မှာ ဦးမောင်မောင်တိုး ၇/ဖမန(နိုင်)၀၆၃၆၁၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မြို့မအရှေ့ရပ်ကွက်၊ မြေကွက်အမှတ်(၁-က၊ ဖြူးမြို့မစက်ရုံရပ်)၊ ဦးပိုင်အမှတ်(၁၂)၊ မြေဧရိယာ(၀ဒသမ၀၉၆) ဧကရှိ မြေကွက်အား ဦးရဲထွဋ်ဝင်းအမည်ဖြင့် သက်တမ်းတိုးမြေငှားဂရန်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခု ကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဖြူးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၁

| | | |
|---|---|---|
| ဦးထွန်းဝင်း | နှင့် | တပ်ကြပ်ကြီးမြင့်မောင်(ငြိမ်း) |
| **တရားလို** | | **တရားပြိုင်** |

တပ်ကြပ်ကြီးမြင့်မောင်(ငြိမ်း)၊ အမှတ်(၁၉)၊ အကွက်ကြီး(၆၆)၊ ရပ်ကွက်(၁၀)၊ အေးသာယာမြို့သစ်(ယခုနေရပ်လိပ်စာ မသိ)နေသူအား သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ်လ ၁၈ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စိုးညွှန့်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၇၀၊၇၂)၊ ဧရိယာ ၀ဒသမ ၀၈၃ ဧကရှိ ဦးဝင်းကို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၀၁၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဝေဝေမြင့် ၉/ပမန(နိုင်)၂၃၇၁၃၃ မှ နှစ်(၃၀) မြေငှားစာချုပ် ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဦးအောင်စိုး ၉/မလန(နိုင်)၁၁၇၁၅၄ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆၄၅)/က၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၄)ရပ်ကွက်၊ အကျယ်အဝန်း အလျား (၂၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့် အိမ်အပါအဝင် သီးပင်စားပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်နု ၁၂/စခန(နိုင်)၀၄၃၃၁၅ ထံမှ ကျွန်မ ဒေါ်သိင်္ဂီမြင့် ၁/မကတ(နိုင်)၀၆၆၉၄၄ကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သိင်္ဂီမြင့်**
**(ဖုန်း-၀၉-၈၇၂၆၃၄၈၂၄)**
**အမှတ်(၇၀၀/ခ)၊ မန္တလေးလမ်း၊ လှိုင်သာယာမြို့နယ်**

## မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၁၊ မြေကွက်အမှတ် ၂၂၃၂(က)၊ အကျယ်အဝန်း(အလျား ၂၀ပေ xအနံ ပေ၆၀)ရှိသော ကေတုမတီလမ်း၊ အမှတ် ၂၂၃၂(က) ဟုခေါ်တွင်သော မြေချပါမစ်မူရင်းအမည်ပေါက် ဦးမျိုးမောင် ၁၂/တမန(နိုင်)၀၂၆၀၉၂ ကိုင်ဆောင်သူနှင့် ဦးအုန်းကျော် ၁၂/သဃက(နိုင်)၀၅၄၉၀၉ ကိုင်ဆောင်သူတို့ထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်လက်ဝယ်ထားရှိရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်မြတ်မိုး ၁၂/ တမန(နိုင်)၀၀၁၂၇၇ ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဒေါ်လွင်မေဦး ၁၂/ပဇတ(နိုင်)၀၃၇၆၃၁ ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများ စုံလင်စွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လွင်မေဦး** | **ဦးလှမြင့် (LL.B,D.B.L)** |
| **၁၂/ပဇတ(နိုင်)၀၃၇၆၃၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၂)** |
| | **ရုံးအမှတ် (၁၆၁/A3)၊ မြေညီထပ်** |
| | **ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၆၅၀၆၅** |

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၉၁မြေပေါ်တွင် ဆောက်လုပ်ထားသော မြေညီထပ်+မှန်ခန်း(ခြေရင်းဘက်)အခြမ်း(၁၂ပေခွဲ xပေ၅၀) အကျယ်အဝန်းရှိ တိုက်ခန်း(၂)ခန်းနှင့် ယင်းတိုက်ခန်း (၂)ခန်းတို့၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ရှင်ဖြစ်သူ ဒေါ်သက်ထား ၁၂/သခန(နိုင်)၁၀၀၇၆၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်နှင်းလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၈)**
**အမှတ်(၅၂)၊4/B၊ ကျိုက္ကဆံဘုရားလမ်း၊ ဆ/က ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၅၈၅၅၅၄၈**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဟေမာလမ်း၊ အမှတ်(၄၆)၊ တတိယထပ်(လွှာခြင်း)၊ (၂၂ x ၄၈)ပေ အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ရှင်ဖြစ်သူ ဦးဇော်မျိုးထက် ၁၂/ဥကတ(နိုင်)၁၅၀၁၃၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်နှင်းလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၈)**
**အမှတ်(၅၂)၊ 4/B၊ ကျိုက္ကဆံဘုရားလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၇၅၈၅၅၅၄၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒေါ်ခင်မြင့် CF ၀၉၂၉၀၄ သည် ဒေါ်မိုင်မွန်နာဘီ MME ၅၂၂၉၆၆ပိုင်ဆိုင်သော တိုက်ခန်းအား ရောင်းချလိုကြောင်း ပြောသဖြင့် တန်ဖိုးသတ်မှတ်၍ အမှတ်(၁၁၁)၊ ငါးလွှာ၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အဆိုပါ တိုက်ခန်းအား (၂၇-၇-၂၀၂၂)ရက်တွင် အများသူငါ လေးစားရသော ပုဂ္ဂိုလ်များရှေ့တွင် ငွေအပြီးအပြတ်ချေ၍ ဒေါ်ခင်မြင့် ပိုင်ဆိုင်ကြောင်း၊ ဒေါ်ခင်မြင့် အမည်ပေါက် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ခြင်းကိုလက်ခံသူ** |
| **ဒေါ်ခင်မြင့် (CF ၀၉၂၉၀၄)** | **ဒေါ်သီတာခင်လတ်** |
| **အမှတ်(၁၁၁)၊ ငါးလွှာ၊** | **စဉ်-၅၂၆၅** |
| **အရိုးကုန်းရပ်ကွက်၊** | **တရားလွှတ်တော်ရှေ့နေ** |
| **အရိုးကုန်းလမ်း** | **ဒေါ်နှင်းဆုအောင်** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၄၉၄၁)** |
| | **ဖုန်း-၀၁-၅၅၇၇၂၈** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆၄၈/သပြေတောင်အရှေ့၊ မြေကွက်အမှတ် (၁၇၂၊၁၇၃) အား ဒေါ်တင်တင်ရီ (ဘ)ဦးထွန်းမြင့် ၉/ပမန(နိုင်)၁၅၆၉၀၈ မှ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၇၂၃)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဒေါ်လှအေး အမည်ပေါက် ပါမစ် မြေကွက်အား ဒေါ်လှမြင့် ၅/ရဘန(နိုင်)၁၀၄၆၄၄မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ရပ်ကွက်/ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## တောင်ကြီးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမ အထွေထွေမှုအမှတ်- ၇

| | | |
|---|---|---|
| ဒေါ်ခိုင်ဇာဦး | နှင့် | ၁။ ဦးကူးလ်ဗဟာဒူး |
| | | ၂။ ဒေါ်သင်းယုယုဝင်း |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

၂။ ဒေါ်သင်းယုယုဝင်း မ-၄၀/၁၄၊ မင်္ဂလာလမ်းသွယ်၊ ကံသာရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ခိုင်ဇာဦးက ဤရုံးသို့ တရားမ ကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၅၈ အရ ဝရမ်းခွာပေးပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၂ ခုနှစ် ဩဂုတ် ၁၂ ရက် (၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေး ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၈ ရက်ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**ဒုတိယ ခရိုင်တရားသူကြီး(၁)**
**တောင်ကြီးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊(၁၃)ရပ်ကွက်၊ ဇေယျဝတီ ၄လမ်း၊ အမှတ် ၂၁၉၁(က+ခ)၊(B-4)၊ စတုတ္ထထပ်(အလယ်ခန်း)၊ (၁၂ပေx ၅၅ပေ) တိုက်ခန်းအား ဦးသက်နိုင် ၇/ပတန(နိုင်)၀၈၁၅၇၃ မှ ပိုင်ဆိုင်အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်၊ လက်ရှိရထားပြီး ဖြစ်ကြောင်း၊လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ တာဝန်ယူရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြေဖြိုးပိုင် ၁၂/ဒဂရ(နိုင်)၀၁၄၀၄၄ မှ ဝယ်ယူရန် သဘောတူသည့်အတွက် ၂၆-၇-၂၀၂၂ရက်တွင် တိုက်ခန်းရောင်းဖိုး ငွေ တစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ခံစားခွင့်ရှိကြောင်း၊ သက်ဆိုင်ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီတိုက်ခန်း အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးပြေဖြိုးပိုင်** | **ဒေါ်ခိုင်ဇင်အိ (စဉ်-၈၉၃၉)** |
| **၁၂/ဒဂရ(နိုင်)၀၁၄၀၄၄** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉-၈၉၈၇၃၂၆၆၀** | **အမှတ်(၁၀)၊ စုပေါင်းရုံးပတ်လမ်း၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **တရားရုံးအနီး၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၄၅၅၀၈၇၁၇၊၀၉-၂၅၀၀၁၀၁၅၉** |

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းနှင့် လူနေရပ်ကွက်အမှတ်(၆၉)၊ အနူရာဓလမ်းရှိ (၄၀x၆၀)ပေရှိသည့် ဒေါ်လှမြင့်သူ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်အမှတ်(၁၄၀၇) မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်အမှတ် (၁၄၀၇)မြေကွက်၏ အကျိုးခံစားခွင့်ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးကျော်ဆွေ ၁၂/ဒဂဆ(နိုင်)၀၀၁၄၈၈ထံမှ ဦးသန်းဇော် ၁၂/မဂတ(နိုင်)၀၇၆၃၂၂နှင့် ဦးမြတ်သိမ့် ၁၂/ဥကတ(နိုင်)၁၄၁၇၉၅တို့က ယင်းမြေကွက်ကို (၂၀ x ၆၀)ပေစီခွဲ၍ လက်ရောက်ရယူကြရန် စရန်ငွေပေး၍ ဝယ်ယူပြီး ဖြစ်သဖြင့် ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း သက်ဆိုင်ရာဂရန်မူရင်း စာချုပ်၊ စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)**
**"Practice Lawyer" Law Group**
**ရုံးခန်း- တိုက် B-1၊ အခန်း ၁၀၂၊ ပထမထပ်၊ ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၆၁၀၃၆၉၀၆**
**Facebook:landlawyer1@gmail.com**

## မွေးသက္ကရာဇ်အမှန်

ကွမ်းလုံမြို့နယ်၊ ကန်သာယာရပ်ကွက်နေ ဦးညီဆိပ်၏သမီး ဒေါ်နန်းအွမ် ၁၃/ကလတ(နိုင်)၀၂၃၂၇၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၇-၁၉၇၉ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမြမောင်၏သမီး တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ သီတဂူလမ်း၊ အိမ်အမှတ်(၇/၄၄၆)နေ မရွှေပြည့်စံ(ခ) မပြည့်ပြည့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ အထက(၁) Grade-10 မှ မတင်ဇာလွင်၏ ဖခင် အမည်မှန်မှာ ဦးမြင့်ခိုင် ၈/သရန (နိုင်)၀၇၃၃၀၁ ဖြစ်ပါကြောင်း။

**ဦးမြင့်ခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8744 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေလှ ၉/တသန(နိုင်)၀၀၇၉၆၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အ တွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/9067 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကြည်စိုး ၇/ ပခန(နိုင်)၁၁၇၈၅၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ကန့်ကွက်နိုင် ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၃၄၄)၊ မြေဧရိယာ (၀ ဒသမ ၂၂၉)ဧကရှိ ဦးဝင်းစိန်(ဘ)ဦးအောင်ကျော် ၁၀/မဒန (နိုင်)၀၃၁၀၅၇ အမည်ပေါက်နှစ်(၃၀)မြေငှား စာချုပ်မြေကွက်ကို ဦးဝင်းစိန်ထံမှ ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၀၉၁/၂၀၂၁)၊ ၇-၅-၂၀၂၁ ရရှိ ထားသူ ဦးပံသုကျော်(ဘ)ဦးအေးကျော် ၁၄/မမက(နိုင်)၁၁၃၄၃၇ မှ ဒေါ်နှင်းဝေဝေအောင်(ဘ)ဦးထွန်း အောင်ကျော် ၈/သရန(နိုင်)၀၇၀၉၆၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများ၊အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# စာအုပ် စာပေ လူ့မိတ်ဆွေ

## စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၉/၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည် ဖြစ်ပါသည်-

(က) **ဓာတုဗေဒပစ္စည်း**
Kurizet (S-204), Kurita (F-4920), Kurita (T-2820), Neutralizer (BPR 81175) and Corrosion Inhibitor (CRO 80175), Antifoam Agent

(ခ) **ကုန်ကြမ်းပစ္စည်း**
Woven Polypropylene Bags (WPP - Bags)

(ဂ) **စက်ပစ္စည်း**
Flexible Hose with Double End Flange, CFR Engine (Fuel Research Unit) Top Overhaul, Seamless Tube, Motor for Cooling Water Pump, Sodium Meter, Refrigeration Compressor (Complete Set Without Motor), Molten Urea Pump Complete Set with Motor

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၂.၈.၂၀၂၂
၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆.၈.၂၀၂၂ (၁၂:၀၀နာရီ)
၄။ တင်ဒါပိတ်မည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊နေပြည်တော်။

၅။ အိတ်ဖွင့်တင်ဒါကို ၂.၈.၂၀၂၂ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်)၊ သန်လျင်မြို့တွင်(၁၀:၀၀) နာရီမှ (၁၆:၀၀) နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)၊ ကွင်း/အကွက်အမှတ် ၆/၄(နန္ဒဝန်)၊ ဦးပိုင်အမှတ်(၄/က)၊ မြေဧရိယာ ၀ဒသမ ၉၀၅ ဧကအားလည်းကောင်း၊ ဦးပိုင်အမှတ်(၄/ခ)၊ မြေဧရိယာ ၀ဒသမ ၈၆၈ ဧကအားလည်းကောင်း၊ ဦးပိုင်အမှတ်(၄/ဃ)၊မြေဧရိယာ ၀ ဒသမ ၈၆၈ ဧကအားလည်းကောင်း၊ ဦးပိုင်အမှတ် (၄/င)မြေ ဧရိယာ ၀ဒသမ ၈၆၈ ဧကအားလည်းကောင်း၊ ဦးပိုင်အမှတ်(၄/စ)၊ မြေဧရိယာ ၀ဒသမ ၈၆၈ ဧကအားလည်းကောင်း၊ ဦးပိုင်အမှတ်(၄/ဆ)၊ မြေဧရိယာ ၀ဒသမ ၈၆၈ ဧကအားလည်းကောင်း၊ ဦးပိုင်အမှတ်(၄/ဇ)၊ မြေ ဧရိယာ ၀ဒသမ ၈၆၈ ဧကရှိ မြေကွက်တို့အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး နောင်ရိုးမြန်မာလီမိတက် ကိုယ်စား ဒါရိုက်တာ ဒေါ်ခင်အေးနွယ် ၇/တငန(နိုင်)၀၆၆၄၀၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ပုသိမ်ခရိုင်တရားရုံးတော်၌ ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇၀

**ဒေါ်သန်းထွေး** နှင့် **ဒေါ်မေပုလဲ**
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၇၄)၊ မနော်ဟရီလမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်နေ တရားပြိုင် ဒေါ်မေပုလဲ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းထွေးက နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စရန်ငွေ၏ (၂)ဆဖြစ်သော ငွေကျပ်သိန်း(၁၂၀) နှင့် နစ်နာကြေးငွေကျပ်သိန်း(၃၀)၊ စုစုပေါင်းငွေကျပ် သိန်း(၁၅၀)ရလိုမှု တရားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသော စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဩဂုတ်လ ၂၂ရက် (၁၃၈၄ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဇူလိုင်လ ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သောင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပုသိမ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်တွင် လူနေအိမ်ရာအဖြစ် အသုံးပြုရန်အတွက် ဒေါ်နန်းစန်းစန်းအေးမှ ၎င်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားလာသဖြင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ စာရွက်စာတမ်းအထောက်အထားများ ခိုင်လုံစွာတင်ပြ၍ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | လျှောက်ထားသူ၏ | | လျှောက်ထားသည့် | | | | |
|---|---|---|---|---|---|---|---|
| | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ရပ်ကွက်/ကျေးရွာအုပ်စု | ဦးပိုင်အမှတ် | အကွက်အမှတ်/အမည် | မြေဧရိယာ | မှတ်ချက် |
| ၁ | ဒေါ်နန်းစန်းစန်းအေး | ၃/ဘအန(နိုင်) ၀၂၆၁၀၁ | အမှတ်(၄) ရပ်ကွက် | ၉၃/၁-က | ၄၅၊ မြို့တော်ဦး အကွက် | (၀.၀၇၃) ဧက | |

**ကော်လိတ္တော်အရာရှိ၊ ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘားအံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15U/5108 TVS KING, 3Wheel ယာဉ်လက်ဝယ်ရှိသူ ဦးစောရေမီမိုးမင်း ၁၄/ပသန(နိုင်)၂၁၁၇၂၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ဃ/၆၇၈၁၁ Honda Wave-110 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဇေဦး ၆/ရဖန(နိုင်)၁၀၉၉၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/8766 Toyota Dyna XZU 301, Truck ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဌေးမြင့် ၉/မတန(နိုင်)၂၁၃၈၇၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဟ/၄၁၈၄ BAJAJ RAXIMAZ ZSY, Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၆/သရခ(နိုင်) ၀၃၉၃၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/6817၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက် အမှတ်(၄၄၆)၊ မြေကွက်တည်နေရာအမှတ်(၄၄၆)၊ ၁၄လမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်သန်းနွဲ့ အေစီ-၀၁၁၄၄၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းနွဲ့(အေစီ-၀၁၁၄၄၃) (မိခင်)သည် ၂၀-၅-၂၀၁၉ ရက်တွင် လည်းကောင်း၊ ဦးကြိုအရီ (ခ)ဦးဘရီ (ဖခင်)သည် ၂၄-၆-၁၉၈၄ ရက်တွင်လည်းကောင်း၊ အသီးသီး ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်တင်တင်စိန် ၁၂/ဥကတ(နိုင်) ၀၈၂၂၃၄၊ ဦးခင်မောင်ဇော် ၁၂/ဥကတ(နိုင်)၁၃၅၁၂၈၊ ဦးမျိုးဇော် ၁၂/ဥကတ(နိုင်) ၁၃၅၁၂၉ တို့မှ သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ် ၁/၃၉၈/၂၀၂၁ (၇-၁-၂၀၂၁)၊ သေစာရင်း၊ သေဆုံးကြောင်းထောက်ခံချက်၊ အိမ်ထောင်စုစာရင်း၊ ဒေါ်သန်းနွဲ့ အမည်ပေါက်ဂရန်မူရင်းတို့ တင်ပြ၍ ၎င်းတို့ထံမှ GP၉၅၄၁/၂၀၂၀ (၁၁-၈-၂၀၂၀) ဖြင့်ရသူ ဒေါ်ဝင်းပပစန္ဒာ ၇/မလန(နိုင်)၀၇၁၄၄၂မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာအမှတ် ၁/၃၉၅/၂၀၂၁(၇-၁-၂၀၂၁)ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ဗြဟ္မစိုရ်လမ်း၊ အမှတ်(၂၃/က+ခ) ဟုခေါ်တွင်သည့် မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက်သစ်မှ အမှတ် ၂၃/က ဘက်ခြမ်း၊ (၂)လွှာ (ပထမထပ်) အကျယ်အဝန်း (၁၉ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမြင့်သူ ၁၃/တကန(နိုင်) ၀၅၇၄၆၀၊ မြင့်မြတ်ထွဋ်ခေါင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏ မိတ်ဆွေမှ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းပပစန္ဒာ (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ် (၁၅/၉၁)၊ (တတိယထပ်-ညာ)၊ ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## အများသိစေရန် ကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄/ဆိုင်းတန်း)၊ ဦးပိုင်အမှတ် (၁၈-က၊၁၉)၊ မြေကွက်အမှတ်(၃၈၊ ၃၉)၊ မြေဧရိယာ ၀ဒသမ ၀၈၁ ဧကရှိ မြေကွက်သည် မူလက ဦးကျင်ကျိန်-ဒေါ်ကင်ကြီး အမည်ဖြင့် ခရိုင်ရုံးအမှုတွဲအမှတ် ၃၄၂/၁၉၆၄-၁၉၆၅ အရ(၁၃-၃-၁၉၆၉) ရက်မှ (၁၂-၃-၁၉၉၉)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအား မန္တလေးတိုင်းဒေသကြီးတရားရုံး၏ တရားမ ကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၄ တရားမပုံစံအမှတ် ၁၀၄ နှင့် တရားမကြီးမှုအမှတ် ၄၂၂/၂၀၂၁ တရားမဇာရီမှု အမှတ် ၁၄၄/၂၀၀၅ အရ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းကြောင်းလက်မှတ်စာအား မိတ္ထီလာမြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံး၏ (၂၁-၅-၂၀၁၄) ရက်စွဲပါ စာချုပ်အမှတ် M/၂၀၁၄ အရ မန္တလေးတိုင်းဒေသကြီးတရားရုံးတွင် ဦးဝဏ္ဏထွန်း ၉/မထလ(နိုင်)၀၀၁၉၈၂ မှ ကျပ်သိန်း( ၉၀၀) ဖြင့် လေလံဆွဲဝယ်ယူခဲ့ပြီး လက်ရောက်နေထိုင် လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးဝဏ္ဏထွန်း ၉/မထလ(နိုင်) ၀၀၁၉၈၂ မှ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

## အများသိစေရန် အသိပေးကြေညာခြင်း

